ကြေးမုံ
The Mirror Daily
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 29 May 2024 ၁၁၄၇၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## အားကစားတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြနေခြင်းဖြစ်

နေပြည်တော် မေ ၂၈

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကျင်းပရေးဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကား ပြောကြားရာတွင် အားကစား မြှင့်တင်ခြင်းသည်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ယနေ့ ဖတ်စရာ

**မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုနှင့်စပ်လျဉ်း၍ ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း နိုင်ငံရေးပါတီများက သဘောထားထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၄

**NUG၊ PDF အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံနေသောနိုင်ငံများသို့ အိတ်ဖွင့်ပေးစာ**

ဆောင်းပါး စာမျက်နှာ » ၆

**ပညာခေတ်မှာ ကျောင်းအပ်ပါ ပညာရှာ ပညာသင်ကြပါ**

ဆောင်းပါး စာမျက်နှာ » ၁၀

**ဟိုက်ဒရိုဂျင်ဓာတ်ငွေ့သုံးကားများအား တိုယိုတာကုမ္ပဏီ အဆင့်မြှင့်တင်ထုတ်လုပ်**



စာမျက်နှာ » ၁၃

ကြေးမုံ

# မိုးရာသီကာလတွင် ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်များကိုသတိပြု

အနောက်တောင်မုတ်သုံလေသည် မေလ ၂၂ ရက်နေ့တွင် မြန်မာနိုင်ငံ တောင်ပိုင်းဒေသ တနင်္သာရီတိုင်းဒေသကြီးမှ စတင်ဝင်ရောက်ပြီး မေလ ၂၅ ရက်နေ့တွင် မြစ်ဝကျွန်းပေါ်ဒေသနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီဖြစ်သည်။ အနောက်တောင်မုတ်သုံလေဝင်ရောက်ချိန်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း "ရီမယ်လ်" အရှိန်ကြောင့် မြန်မာနိုင်ငံတစ်ဝန်း မိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း ရီမယ်လ်သည် မြန်မာနိုင်ငံသို့ ဦးတည်တိုက်ခတ်ခြင်းမရှိ၍ အဝါရောင်အဆင့် သတိပေးထားသော်လည်း မမျှော်မှန်းနိုင်သော မုန်တိုင်းတို့၏ သဘောသဘာဝဖြစ်လေ့ရှိမှုများကြောင့် ဧရာဝတီ၊ ရန်ကုန်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မုန်တိုင်းသက်ရောက်မှုရှိပါက အရေးပေါ်တုံ့ပြန်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရပါက ကူညီကယ်ဆယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး လူ၊ ယာဉ်၊ ယန္တရားများ အသင့်ပြင်ဆင်စုဖွဲ့ထားသည်။

ယခုအခါ ဆိုင်ကလုန်းမုန်တိုင်း ရီမယ်လ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းသို့ လေတိုက်နှုန်း တစ်နာရီ ကီလိုမီတာ ၁၃၀ ခန့်ဖြင့် ဝင်ရောက်ခဲ့ပြီး လုံခြုံစိတ်ချမှုမရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခရိုင် ၁၀ ခုမှ လူပေါင်း တစ်သန်းနီးပါးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၀၀၇ ခုနှစ်က တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း ဆစ်ဒါကြောင့် လူပေါင်း ၄၀၀၀ ကျော် သေဆုံး သို့မဟုတ် ပျောက်ဆုံးခဲ့ရသည်။ မြန်မာနိုင်ငံတွင် ယမန်နှစ်က စစ်တွေမြို့အနီး ဖြတ်သန်းတိုက်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကို ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်မှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးမှုအနည်းဆုံးဖြင့် သက်သာရာရခဲ့သည်။

နှစ်စဉ်နှစ်တိုင်း အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့်အခါတွင် မိုးရာသီသို့ရောက်ရှိပြီး ပုံမှန်အားဖြင့် မိုးအနည်းအများရွာသွန်းလေ့ရှိသည်။ ယခုနှစ်မိုးရာသီကာလတွင် အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း ရီမယ်လ် တိုက်ခတ်မှုအရှိန်သက်ရောက်မှုကြောင့် ပြီးခဲ့သည့်ရက်ပိုင်းမှစတင်၍ မြန်မာနိုင်ငံတစ်ဝန်းတွင် လေပြင်းတိုက်ခတ်မှုများ၊ မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်း လျော့ကျပျက်ပြယ်သွားမည်ဟု ခန့်မှန်းထားသည်။

အဆိုပါအားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအရှိန်ကြောင့် မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းလေပြင်းထန်မည်ဖြစ်သည်။ မိုးသက်လေပြင်းကျရောက်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်ပြီး လှိုင်းအမြင့်မှာ ၉ ပေမှ ၁၃ ပေခန့်အထိရှိနိုင်ကြောင်း သတိပေးထားသည်။ အားကောင်းသောမုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းတို့ ဖြစ်ပေါ်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

အနောက်တောင်မုတ်သုံလေဝင်ရောက်သည့် မိုးရာသီကာလတွင် အင်အားပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းအရှိန်ကြောင့် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင်သတိပြုရမည်ဖြစ်သည်။ နိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိသောကြောင့် နွေသီးနှံများနှင့်မိုးသီးနှံများ အပျက်အစီးမရှိစေရန်အတွက် စိုက်ပျိုးရိတ်သိမ်းသိုလှောင်မှုများကို ကြိုတင်ပြင်ဆင် သတိပြုလုပ်ကိုင်ကြရမည်ဖြစ်သည်။ မိုးသီးနှံစိုက်ပျိုးမှုများတွင် ရေနစ်မြုပ်ပျက်စီးမှုများမရှိအောင် ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဆင့်ကဲဖြစ်စဉ်အားကောင်းလာနိုင်သည့်မိုးအရှိန်ကြောင့် ရေကြီးရေလျှံမှုများ၊ ရေကြီးနစ်မြုပ်မှုများ ဖြစ်လာနိုင်သည့်အခြေအနေများကို ရှောင်ရှားနိုင်ရေး ပြင်ဆင်ထားရမည်ဖြစ်သည်။

လက်ရှိဖြစ်ပေါ်နေသော ရာသီဥတုအခြေအနေကြောင့် မိုးသည်းထန်စွာရွာသွန်းမှုများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်များနှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် ရေကြီးရေလျှံမှုအန္တရာယ်များကို ကြိုတင်သတိပြုစီစဉ်ထားရမည်ဖြစ်သည်။ ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြု ဆင်ခြင်ဆောင်ရွက်ကြရန် အသိပေးနှိုးဆော်အပ်ပါကြောင်း။ ။

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၄၂ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ်၊ မေလ ၂၈ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဗိုလ်ချုပ် ကိုလေးအား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့) ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့်
ဆက်သွယ်ရေးဝန်ကြီးဌာန

## သရက်မြို့၌ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

သရက် မေ ၂၈

မကွေးတိုင်းဒေသကြီး သရက်မြို့၌ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် သရက်ခရိုင် သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးထွန်းညွန့်တင်က သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများ အကြောင်း အသိပညာပေးဟောပြောပြီး သရက်မြို့နယ် သစ်တောဦးစီးဌာန ဦးစီး အရာရှိ ဦးဟန်မင်းထွန်းက သစ်တောများ နှင့် ရေဝေ ရေလဲဒေသများ ထိန်းသိမ်းရေး၊ သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုး ကျေးဇူးများ ခေါင်းစဉ်ဖြင့် ဟောပြော သည်။

ထို့နောက် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက မြို့မ ပျိုးဥယျာဉ်သို့ လေ့လာခဲ့ကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ များအား ကျွန်း၊ တမာ၊ ခရေ၊ ရေတမာနှင့် ပိတောက်ပင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် မေ ၂၈

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၈ - ၅ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၉၀၀ | ၅,၉၉၄ | ၅၂,၀၆၆,၁၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၅၀ | ၇,၇၂၂ | ၂၂,၂၁၅,၅၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၁၈၂ | ၁,၄၇၄,၂၀၀ |
| FPB | ၁,၅၅၀ | ၁,၆၀၀ | ၂,၀၄၄ | ၃,၁၆၉,၆၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၃၀၀ | ၅၁၀,၀၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၁ | ၄,၇၀၀ |
| MAEX | ၂,၃၀၀ | ၂,၃၀၀ | ၃,၄၈၅ | ၈,၀၁၅,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ရှေ့ဖုံးမှ

**နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ကြောင်း၊** အလားတူ **အားကစားအောင်မြင်ခြင်းသည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေကြောင်း၊** ထို့အတူ **အားကစားတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာ အဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြနေခြင်းဖြစ်**သည့်အတွက် အားကစားဆိုင်ရာ ခံယူချက်များ အတိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်ကစပြီး မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်း အားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံအတွက် အဓိကစွမ်းအားစုဖြစ်သည့် လူငယ်များကို ဗလငါးတန်ပြည့်ဝရေးနှင့်အတူ လူငယ်ကဏ္ဍများကိုလည်း တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးလျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်တွင်ပါရှိသည့် လူမှုရေးဦးတည်ချက် (၃) ရပ်၏ ဒုတိယအချက်ဖြစ်သော တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံး အကျိုးဝင်မည့်ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ရေးအချက်ကိုလည်း အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် မဖြစ်မနေဆောင်ရွက်ပေးရမည့် လုပ်ငန်းတာဝန် နယ်ပယ်များစွာရှိသည့်အနက် ကဏ္ဍအစုံတွင် အားကစားပြိုင်ပွဲမျိုးစုံကို ပုံမှန်ကျင်းပပြုလုပ်ပေးရမည်ဆိုသည့်အတိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် နှစ်များအလိုက် အားကစားပြက္ခဒိန် ရေးဆွဲပြီး ပြိုင်ပွဲများ ကျင်းပပေးခဲ့သည့်အတွက် ယခုကဲ့သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

## ကျင်းပပေးခဲ့

အမျိုးသားအားကစားပွဲတော်များကို ယခင်အစိုးရအဆက်ဆက်က ကျင်းပပေးခဲ့ကြကြောင်း၊ ၁၉၉၂ ခုနှစ်တွင် ပထမအကြိမ် အမျိုးသား အားကစားပွဲတော်၊ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်နှင့် ၁၉၉၇ ခုနှစ်တွင် တတိယအကြိမ် အမျိုးသားအားကစားပွဲတော်များကို ရန်ကုန်မြို့တွင် ကျင်းပခဲ့ကြပြီး ၂၀၁၅ ခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် အမျိုးသားအားကစားပွဲတော်ကို နေပြည်တော်တွင် ခမ်းခမ်းနားနား ကျင်းပပေးခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယခု ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်ကို နေပြည်တော်တွင် ကျင်းပပြုလုပ်သွားရန် လျာထားဆောင်ရွက်ခြင်းဖြစ်ကြောင်း။

## အများဆုံးယှဉ်ပြိုင်ကြမည်

အမျိုးသားအားကစားပွဲတော် ကျင်းပမည့်အချိန်မှာ ယခုနှစ် ဒီဇင်ဘာလ ဖြစ်သည့်အတွက် ခြောက်လခန့်အချိန်ရရှိသော်လည်း ကြိုတင်ပြင်ဆင်စုဖွဲ့ရမည့် ကိစ္စများ၊ လေ့ကျင့်ရမည့် ကိစ္စများသည် နိုင်ငံတော်အဆင့်ဖြစ်သည့်အတွက် ယခုအချိန်မှစတင်၍ ကြိုတင်ပြင်ဆင်နိုင်ရန် စီမံဆောင်ရွက်သွားရမည်ဖြစ်သောကြောင့် ပထမအကြိမ်အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ တစ်နှစ်ပတ်လုံး ကျောင်းသားအားကစားပွဲများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနအလိုက် အားကစားပြိုင်ပွဲများ ကျင်းပပေးလျက်ရှိကြောင်း၊ သို့သော်လည်း မတူသည့်အချက်မှာ ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်သည် ပြိုင်ပွဲဝင် အသင်းများသာမက ပြိုင်ပွဲဝင်အားကစားသမားများပါ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အများဆုံးယှဉ်ပြိုင်ကြမည့် နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲဖြစ်ကြောင်း။

အမျိုးသားအားကစားပွဲတော် ကျင်းပရသည့် ရည်ရွယ်ချက်မှာ ပထမအချက်အနေဖြင့် နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားစေရေးအတွက် ဆောင်ရွက်ခြင်း ဖြစ်ကြောင်းနှင့် ဒုတိယအချက်မှာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် **"မြန်မာ့အားကစားကမ္ဘာကို လွှမ်းရမည်"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အားကစားအဆင့်အတန်း မြင့်မားရေးနှင့် အောင်မြင်မှုရှိစွာ ယှဉ်ပြိုင်နိုင်ရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်/တိုင်းဒေသကြီးများနှင့် ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရေးဆိုသည့် ဦးတည်ချက်များနှင့် ကျင်းပသွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် စတုတ္ထအကြိမ် အမျိုးသား အားကစားပွဲတော် ကျင်းပခဲ့သည့် ၁၀ နှစ်နီးပါးကြာမှ ပြန်လည်ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် ခမ်းနားထည်ဝါစွာဖြင့် စနစ်တကျ ကျင်းပနိုင်ရေးသည် အရေးကြီးကြောင်း၊ ထို့ကြောင့် အမျိုးသားအားကစားပွဲတော်ကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၁ ခုကိုလည်း ကြိုတင် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သင့်သည်များကို မူဝါဒ(မူကြမ်း) ချမှတ်ပြီး နိုင်ငံတော်အကြီးအကဲထံတင်ပြ၍ အတည်ပြုချက် ရယူသွားရန် ဖြစ်ကြောင်း။

## စည်းကမ်းစနစ်ကျသည့် ပြိုင်ပွဲများဖြစ်စေရေး

အမျိုးသားအားကစားပွဲတော်ဆိုသည့် ဂုဏ်ဒြပ်နှင့်အညီ ပြိုင်ပွဲပွဲစဉ်တိုင်း ပြိုင်ဆိုင်မှု ပြင်းထန်မည်ဖြစ်သော်လည်း အားကစားစိတ်ဓာတ်၊ အားကစားအဓိဋ္ဌာန်များနှင့်အညီ ယှဉ်ပြိုင်ပြီး တစ်ဖက်ကလည်း မှန်ကန်မျှတပြီး စည်းကမ်းစနစ်ကျသည့် ပြိုင်ပွဲများဖြစ်စေရေး တာဝန်ရှိသူအဆင့်ဆင့်က အငြင်းပွားဖွယ်ရာများ မဖြစ်အောင် မှန်မှန်ကန်ကန် မျှမျှတတ စီမံဆုံးဖြတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သို့မှသာ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးနှင့်အတူ အခြားသောနိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အဆင့်မီပြီး အဆင့်အတန်းရှိသည့် မျိုးဆက်သစ် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ထူးချွန်စွာပေါ်ထွက်လာမည် ဖြစ်ကြောင်း၊ အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအလိုက် အားကစားပြိုင်ပွဲနှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အားကစားပြိုင်ပွဲများဖြင့် အပိုင်းနှစ်ပိုင်း ဆောင်ရွက်သွားရန် စီမံထားကြောင်း၊ ဝန်ကြီးဌာနအလိုက် ပြိုင်ပွဲတွင် အားကစားနည်း ခြောက်နည်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တွင် အားကစားနည်း ၂၃ နည်းဖြင့် ခန့်မှန်းအားကစားသမားစုစုပေါင်း ၆၅၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ရန် လျာထားကြောင်း။

အမျိုးသားအားကစားပွဲတော်သည် နိုင်ငံတော်အဆင့်ဖြစ်သည့်အတွက် ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ယှဉ်ပြိုင်ကြမည့်အားကစားပြိုင်ပွဲများတွင် အဆင့်အတန်းမြင့်မြင့် ပါဝင်ယှဉ်ပြိုင်နိုင်စေရေးနှင့် အားကစားသမားများ စိတ်ချမ်းမြေ့စွာတည်းခိုနေထိုင်ရေးအတွက် စီမံဆောင်ရွက်ပေးသွားကြရမည် ဖြစ်ကြောင်း၊ ဖွင့်ပွဲ၊ ပိတ်ပွဲများကို နိုင်ငံတော်အဆင့်ကျင်းပခဲ့သည့် အခြားအခမ်းအနားများထက် အဆင့်မနိမ့်ဘဲ ခေတ်နှင့်လျော်ညီစွာဖြင့် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် အမျိုးသားအားကစားပွဲတော်၏ အထိမ်းအမှတ် Logo သတ်မှတ်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးသွားကြရန်လိုကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ထွက်ပေါ်လာရေးအတွက် ပြိုင်ပွဲပွဲစဉ်အစမှ အဆုံးအထိ ယှဉ်ပြိုင်မှုများကို မှတ်တမ်းတင်ရေးအဖွဲ့များက စနစ်တကျ မှတ်တမ်းတင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ထိုသို့မှတ်တမ်းတင်ဆောင်ရွက်ရာတွင် (၃၂) ကြိမ်မြောက် ကျင်းပခဲ့သည့်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသည့် စံချိန်များနှင့် အနီးစပ်ဆုံးရရှိသည့် အားကစားသမားများကိုသာ ပဏာမလက်ရွေးစင်အဖြစ် ရွေးချယ်၍ နိုင်ငံ့လက်ရွေးစင်အဖြစ် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး စနစ်တကျ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အားကစားပြိုင်ပွဲများတွင် အားကစားစိတ်ဓာတ်ပြင်းထန်သကဲ့သို့ ယှဉ်ပြိုင်မှုများလည်း ပြင်းထန်လာနိုင်သည့် အတွက် အငြင်းပွားဖွယ်ရာများ မဖြစ်အောင် ခုံသမာဓိ ဆောင်ရွက်ကြမည့် ဆပ်ကော်မတီနှင့် တာဝန်ရှိသူများက စနစ်တကျအားကစားတစ်ခုချင်းအလိုက် ယှဉ်ပြိုင်ကြမည့် အားကစားနည်းဥပဒေသတ်မှတ်ချက်များကို ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့များအား အသိပေးထားရန် လိုအပ်ကြောင်း၊ အားကစားပွဲတော် ကျင်းပမည့် အချိန်ကာလမှာ အနည်းငယ်ကြာမြင့်သည့်အတွက် လုံခြုံရေးအထူးအလေးထားဂရုစိုက် စီမံဆောင်ရွက်သွားရန် လိုကြောင်း၊ တည်းခိုနေထိုင်ရေးနှင့် စပ်လျဉ်း၍ အဆင်ပြေချောမွေ့စွာ ရှိစေရန်အတွက် တည်းခိုဆောင်များ သန့်ရှင်းရေးနှင့် လိုအပ်ချက်များ ရှိလာပါက ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရန် လိုကြောင်း။

ထို့ပြင် ကျန်းမာရေးနှင့်စပ်လျဉ်း၍ အားကစားသမားများအတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းကောင်းမွန်သော အစားအသောက်များဖြစ်စေရေး စီမံဆောင်ရွက်သွားရန် လိုကြောင်း၊ အားကစားပြိုင်ပွဲများ ကျင်းပမည့် အားကစားကွင်းများ အဆင့်မြင့်မြင့်နှင့် ဥပဓိရုပ်ကောင်းမွန်စေရေးတို့အတွက် သက်ဆိုင်ရာကော်မတီများက ကြိုတင်စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ ဖွင့်ပွဲ၊ ပိတ်ပွဲများတွင် ပါဝင်ကူညီကြမည့် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ ပညာရှင်များနှင့် အနုပညာရှင်များ ပါဝင်လာနိုင်ရေးကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက စည်းရုံးဆောင်ရွက်သွားရန် လိုကြောင်း၊ အဓိကအားဖြင့် နိုင်ငံတော်အဆင့်အခမ်းအနား ဖြစ်သည့်အတွက် အားလုံး တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုကြောင်း။

ယခုကျင်းပမည့် အမျိုးသားအားကစား ပွဲတော်ကြီးသည် အားကစားပြိုင်ပွဲ အဖြစ်သာ အမည်ခေါ်ဆို ကျင်းပခြင်းဖြစ်သော်လည်း အတူတကွ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအရ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများ၊ NGO အဖွဲ့အစည်းများ၊ မီဒီယာလောကသားများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက တစ်ဦးချင်းတစ်ယောက်ချင်း ကျရာအခန်းကဏ္ဍအလိုက် အမျိုးသားရေးအသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်တတ်မှု၊ မျိုးချစ်စိတ် တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ တည်ငြိမ်အေးချမ်းမှုများကို ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ခုအဖြစ် ဖော်ဆောင်နိုင်မည်ဖြစ်သည့်အတွက် တာဝန်ယူဆောင်ရွက်ကြမည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် စီမံချက်ပါလုပ်ငန်းတာဝန်များ အောင်မြင်ပြီးမြောက်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ မမျှော်မှန်းနိုင်သည့် လုပ်ငန်းအခက်အခဲများ ပေါ်ပေါက်လာခဲ့ပါကလည်း အချိန်နှင့်တစ်ပြေးညီ တာဝန်ရှိသူအဆင့်ဆင့်က တင်ပြဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ကျင်းပရေး ပြင်ဆင်ထားမှု၊ ယခင် အမျိုးသားအားကစားပွဲတော်များ ကျင်းပဆောင်ရွက်ခဲ့မှုများ၊ လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ပြိုင်ပွဲအမျိုးအစား သတ်မှတ်ခြင်းနှင့် ပြိုင်ပွဲအစီအစဉ်များ၊ ဆုချီးမြှင့်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဖွင့်ပွဲ/ ပိတ်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲ/ ပိတ်ပွဲ အခမ်းအနားများကို ခေတ်ကာလနှင့်လျော်ညီစွာ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားမည့်အစီအစဉ် လျာထားချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျင်းပရေးကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။ **စာမျက်နှာ ၅ သို့ ❖**

**✻ အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအလိုက် အားကစားပြိုင်ပွဲနှင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အားကစားပြိုင်ပွဲများဖြင့် အပိုင်းနှစ်ပိုင်း ဆောင်ရွက်သွားရန် စီမံထားကြောင်း၊ ဝန်ကြီးဌာနအလိုက် ပြိုင်ပွဲတွင် အားကစားနည်း ခြောက်နည်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တွင် အားကစားနည်း ၂၃ နည်းဖြင့် ခန့်မှန်းအားကစားသမား စုစုပေါင်း ၆၅၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ရန် လျာထားကြောင်း။**

**✻ အမျိုးသားအားကစားပွဲတော်သည် နိုင်ငံတော်အဆင့်ဖြစ်သည့်အတွက် ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ယှဉ်ပြိုင်ကြမည့် အားကစားပြိုင်ပွဲများတွင် အဆင့်အတန်းမြင့်မြင့် ပါဝင်ယှဉ်ပြိုင်နိုင်စေရေးနှင့် အားကစားသမားများ စိတ်ချမ်းမြေ့စွာ တည်းခိုနေထိုင်ရေးအတွက် စီမံဆောင်ရွက်ပေးသွားကြရမည်ဖြစ်**

# မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုနှင့်စပ်လျဉ်း၍ ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း နိုင်ငံရေးပါတီများက သဘောထားထုတ်ပြန်ကြေညာ

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှု (Sanctions)နှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာ့တောင်သူလယ်သမားဘဝတိုးတက်မြင့်မားရေးဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်ရီက မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများက မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ မှုနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြပြီး နိုင်ငံရေးပါတီများမှ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုနှင့်စပ်လျဉ်း၍ လုံးဝ(လုံးဝ) လက်မခံ ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း ပူးတွဲသဘောထား ထုတ်ပြန်ကြေညာချက်ကို သဘောတူအတည်ပြု ထုတ်ပြန်ကြေညာခဲ့ကြသည်။

**သတင်းစဉ်**




မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှု(Sanctions)နှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။

# နိုင်ငံရေးပါတီ( ၂၅ )ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

## နိုင်ငံရေးပါတီ ( ၂၅ ) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

**၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ( ၆ ) ရက်**

**၂၀၂၄ ခုနှစ်၊ မေလ ( ၂၈ ) ရက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲပြီးနောက် ပေါ်ပေါက်ခဲ့သော ပြည်တွင်းပဋိပက္ခများအား နိုင်ငံတော်အစိုးရ၊ တာဝန်ရှိအဖွဲ့အစည်းများနှင့် တည်ငြိမ်အေးချမ်းရေးကိုလိုလားသော တိုင်းရင်းသားပြည်သူများက ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရေး အထူးအလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ရာတွင် အစွန်းရောက် အတ္တနိုင်ငံရေးသမားများနှင့် ၎င်းတို့ဖန်တီးခဲ့သော အကြမ်းဖက်အုပ်စုများကြောင့် အပြစ်မဲ့ပြည်သူအများအပြား သတ်ဖြတ်ခံရခြင်း၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ ဖျက်ဆီးခံရခြင်း၊ ပြည်သူလူထု၏အခွန်ဘဏ္ဍာငွေများဖြင့် အချိန်ကြာမြင့်စွာ တည်ဆောက်ထားခဲ့ရသော လူမှုစီးပွားဆိုင်ရာ အခြေခံအဆောက်အဦများ ပျက်ယွင်းခဲ့ရခြင်း၊ မျိုးဆက်သစ်လူငယ်များ၏ အနာဂတ်ဘဝများ ဖျက်ဆီးခံရခြင်း စသည့်ဖြစ်ရပ်များလည်း ဖြစ်ပွားခဲ့ရပါသည်။

၃။ အထက်ပါဖြစ်စဉ်များ၏ အကျိုးဆက်အဖြစ် အခြေခံလူနေမှုဘဝများ ကျပ်တည်းလာရခြင်း၊ ထိုကျပ်တည်းမှု၏ နောက်ဆက်တွဲအဖြစ် လုယက်မှု၊ ပြန်ပေးမှု၊ မီးရှို့ဖျက်ဆီးမှု၊ ခြိမ်းခြောက်မှု၊ အဓမ္မမှုများအပါအဝင် ရာဇဝတ်မှုခင်းများလည်း ပိုမိုအရှိန်မြင့်လာသည်ဟု သုံးသပ်ရမည်ဖြစ်ပါသည်။

၄။ နိုင်ငံတော်အနေဖြင့် ပြည်တွင်းပဋိပက္ခအား ပြည်တွင်းအင်အားဖြင့် အထူးအလေးထား ဖြေရှင်းဆောင်ရွက်နေချိန်မှာပင် အင်အားကြီးနိုင်ငံအချို့နှင့် ကမ္ဘာ့အဖွဲ့အစည်းအချို့တို့က ကမ္ဘာ့မိသားစုဝင် နိုင်ငံအချင်းချင်း လူသားအချင်းချင်း စာနာမှု၊ အပြုသဘောဆောင်သော ချဉ်းကပ်လေ့လာကူညီမှု၊ နိုင်ငံတစ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုအား ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးမှု စသည့် ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းတာဝန်များအစား ခေတ်အဆက်ဆက် အောင်မြင်မှုမရှိခဲ့သော ခေတ်သစ်ကိုလိုနီဝါဒ၏ ကျင့်စဉ်တစ်ရပ်ဟုဆိုနိုင်သည့် လိုလားသူတစ်ဖက်ဖက်သို့ တိုက်ရိုက် / သွယ်ဝိုက် နည်းလမ်းများဖြင့် အားပေးအားမြှောက်ပြုခြင်း၊ အခြားတစ်ဖက်သို့ နိုင်ငံရေး/ စီးပွားရေးအရ အကျပ်အတည်းဖြစ်စေပြီး လိုသလိုဆွဲယူပုံဖော်စေခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ရန်အတွက် ပိတ်ဆို့တားဆီးမှု (Sanctions)များအား နည်းလမ်းတစ်ရပ်အဖြစ် အသုံးပြု၍ ဆောင်ရွက်လာခဲ့ကြပါသည်။

၅။ မြန်မာနိုင်ငံအပေါ်သို့ ( ၁၁-၂-၂၀၂၁ ) ရက်နေ့မှ ( ၃၀-၁-၂၀၂၄ ) ရက်နေ့အထိ ချမှတ်ခဲ့သော ပိတ်ဆို့တားဆီးမှုများအား လေ့လာရာတွင် ပုဂ္ဂလိကပိုင်ဆိုင်မှုများကို ပိတ်ပင်ခြင်း၊ အစိုးရနှင့် ထောက်ပံ့ဆက်သွယ်မှုများကို ဖြတ်တောက်ခြင်း၊ လူမှုစီးပွားဘဝဆိုင်ရာ လုပ်ငန်းစဉ်များကို ပိတ်ဆို့ခြင်း၊ ငွေလွှဲပြောင်းမှုများအား တားမြစ်ပိတ်ပင်ခြင်း၊ ကုန်ပစ္စည်းတင်ပို့မှုများအား ကန့်သတ်တားမြစ်ခြင်း၊ ခရီးသွားလာခွင့်များ ပိတ်ပင်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆက်ဆံ ဆောင်ရွက်နေရမည့်ကိစ္စများအား ဆိုင်းငံ့ထားခြင်း၊ အထီးကျန်ဖြစ်စေခြင်း၊ ကမ္ဘာ့အဖွဲ့အစည်းများတွင် မဲပေးခွင့်မရှိအောင် ပိတ်ပင်တားမြစ်ခြင်း၊ ကမ္ဘာ့မူပိုင်ခွင့်အစည်းအဝေးမှန်သမျှ တက်ရောက်ခွင့်ပိတ်ပင်ခြင်း စသည့် များစွာသောပိတ်ဆို့မှုများအား အချိန်ကိုက် အရှိန်မြှင့်ဆောင်ရွက်မှုများ ပါဝင်လာကြောင်း တွေ့ရပါသည်။

၆။ အထက်အပိုဒ်ပါ ပိတ်ဆို့မှုများသည် နိုင်ငံတစ်နိုင်ငံကို ရွေးထုတ်ဖိအားပေးခြင်း၊ လွတ်လပ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်မှု၊ ပြည်သူတစ်ရပ်လုံး အနာဂတ်ဘဝ ငြိမ်းချမ်းသာယာစေမှု စသည့်အချက်တို့အား ရည်ရွယ်ချက်ရှိရှိ ကန့်သတ်တားမြစ်ခြင်း၊ ဘက်လိုက်ဆောင်ရွက်ခြင်းတို့ကို ဖြစ်ပေါ်စေပြီး ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်း Article (7)ပါ "တန်းတူကာကွယ်စောင့်ရှောက်မှုအစား ခွဲခြားဆက်ဆံခြင်း၊ ထိုသို့ခွဲခြားဆက်ဆံရန် လှုံ့ဆော်ခြင်းနှင့် တူညီသောကာကွယ်စောင့်ရှောက်မှုကို ခံစားစေရမည်" စသည့် ကြေညာချက်စာတမ်းပါ အချက်များအား အတိအလင်းဖောက်ဖျက်ကျူးလွန်နေကြောင်း တွေ့ရှိရပါသည်။

၇။ ၎င်းအပြင် ကုလသမဂ္ဂပဋိညာဉ်စာတမ်း စည်းမျဉ်း Article (2)အပိုဒ်(၁)ပါ "အဖွဲ့ဝင်အားလုံး၏ အချုပ်အခြာအာဏာ တန်းတူညီမျှမှုကို အခြေခံထားသည်" ဟူသော မူကိုလည်းကောင်း၊ Article (4)ပါ "နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံရေးလွတ်လပ်မှုကို ဆန့်ကျင်သည့် ခြိမ်းခြောက်မှု(သို့မဟုတ်) အင်အားအသုံးပြုခြင်းမှ ရှောင်ကြဉ်ရမည်" ဟူသော မူကိုလည်းကောင်း ဥပေက္ခာပြု ဆောင်ရွက်ခြင်းဖြစ်သည်ဟုလည်း သုံးသပ်ရရှိပါသည်။

၈။ အရေးယူပိတ်ဆို့မှုများသည် နိုင်ငံတော်အစိုးရအပေါ် ဦးတည်ဒဏ်ခတ် အရေးယူပိတ်ဆို့သည်ဟု အကြောင်းပြပြောဆိုနေသော်လည်း ပကတိအခြေအနေမှာ ပြည်တွင်းရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အပေါ် ထိခိုက်နစ်နာစေပြီး ဒုက္ခသံသရာအတွင်းသို့ အတင်းအဓမ္မတွန်းပို့နေသည့် လုပ်ရပ်များသာ ဖြစ်နေကြောင်း တွေ့ရှိရပါသည်။ ၎င်းအပြင် ထိုလုပ်ရပ်သည် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်နေသော ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို နှောင့်နှေးရပ်တန့်စေခြင်းနှင့် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရေး အခင်းအကျင်းကို ပျက်စီးစေခြင်း စသည့်ဖြစ်ရပ်များကိုသာ ပေါ်ပေါက်လာစေမည်ဖြစ်ပါသည်။

၉။ သို့ပါ၍ နိုင်ငံအပေါ်ချမှတ်ထားသော ပိတ်ဆို့မှု (Sanctions)များအား အမြန်ဆုံး ပြန်လည်ရုပ်သိမ်းပေးကြရန်၊ ကမ္ဘာ့နိုင်ငံများကလည်း အကျိုးသက်ရောက်မှုအခြေအနေမှန်ကို မူတည်စဉ်းစား၍ ဝိုင်းဝန်းကူညီပေးကြရန် တောင်းဆိုပါကြောင်းနှင့် မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှု (Sanctions) လုပ်ရပ်များအား ကျွန်ုပ်တို့ နိုင်ငံရေးပါတီများအားလုံးက လုံးဝ(လုံးဝ) လက်မခံ ဆန့်ကျင်ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးဌေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါ်တိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးသိန်းထွန်း | ဒုတိယဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးစောခွန်ကျော်ဝင်း | အတွင်းရေးမှူး(၂) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ | |
| ၇။ | ဦးလီပေါ်ရဲ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | |

စာမျက်နှာ ၅ သို့ ○

❖ စာမျက်နှာ ၃ မှ

ထို့နောက်သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ လုံခြုံရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီ၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီနှင့် စာရင်းစစ်ဆေးရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် ဒုတိယစာရင်းစစ်ချုပ်တို့က ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားကြမည့် အစီအမံများကို ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီး ကော်မတီနာယက နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

❍ စာမျက်နှာ ၄ မှ

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၈။ | ဦးဦးသန်းဌေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၁။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၂။ | ဦးစိုင်းအောင်မြင့်ခိုင် | တွဲဖက် အတွင်းရေးမှူး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ် ပါတီ(ကျားဖြူပါတီ) | |
| ၁၃။ | ဦးတင့်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၄။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၅။ | ဒေါ်သန္တာဝင်း | အတွင်းရေးမှူး | အမျိုးသားဒီမိုကရေစီပါတီသစ် | |

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁၆။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၇။ | ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ခူမီး အမျိုးသားပါတီ | |
| ၁၈။ | ဦးမောင်မောင်သန့်ဇော် | ဒုတိယဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | |
| ၁၉။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ | |
| ၂၀။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၁။ | ဒေါ်တင်နွယ်ဦး | ဗဟို အလုပ်အမှုဆောင် | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | |
| ၂၂။ | ဦးရဲထွန်း | ဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၃။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား နိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၄။ | ဦးမောင်အေး | ဗဟို အလုပ်အမှုဆောင် | လူထုပါတီ | |
| ၂၅။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

**ဒေါက်တာထွန်းတင့်**

## “ပင့်ကျေါရစ်ကြေ၊ သည်နှစ်ထွေ၊ မှတ်လေခွဲခြားခြား” - “ကမ္ဘာမကျေ၊ ယပင့်လေ၊ မသွေမြဲမှတ်ထား”

နိုင်ငံတော်သီချင်းတွင် “ကမ္ဘာမကျေ၊ မြန်မာပြည်၊ တို့ဘိုးဘွားအမွေစစ်မို့၊ ချစ်မြတ်နိုးပေ” ဟူသော စာပိုဒ်ပါသည်ကို မြန်မာလူမျိုးတိုင်း သိကြပေသည်။ “ကမ္ဘာမကျေ” ဟူသောအသံကို ကြားလိုက်လျှင်ပင် မြန်မာနိုင်ငံတော်၏ နိုင်ငံတော်သီချင်းကို ဆိုတော့မည်ဟု သိကြသည်။ နားဝင်ပီယံ ဖြစ်ပါဘိသည်ဟုလည်း ခံစားမိကြသည်။ သို့သော် ကမ္ဘာမကျေကို အပင့် “ကျေ”ဖြင့် ရေးရမည်လော၊ ကမ္ဘာမကြေဟု အရစ် “ကြေ”ဖြင့် ရေးရမည်လော။ ကမ္ဘာမ “ကျေ” ဟု အပင့် “ကျေ” ဖြင့်ရေးလျှင် အဓိပ္ပာယ်မည်သို့ ဖြစ်မည်နည်း။ ကမ္ဘာ “မကြေ” ဟု အရစ် “ကြေ” ဖြင့်ရေးလျှင် အဓိပ္ပာယ်မည်သို့ ဖြစ်မည်နည်းဟူသော ပြဿနာကား ရှိနေပေလိမ့်မည်။

အနက်သိမှ အရေးမှန်မည်၊ အရေးမှန်မှ အနက်သိမည်။ တစ်နည်းဆိုသော် အဓိပ္ပာယ်သိမှ စာလုံးပေါင်းသတ်ပုံမှန်မည်။ စာလုံးပေါင်းသတ်ပုံမှန်မှ အဓိပ္ပာယ်သိမည်ဟူသော ဥပဒေသအရ ယပင့် ကမ္ဘာမကျေ၏ အဓိပ္ပာယ်၊ ရရစ်ကမ္ဘာမကြေ၏ အဓိပ္ပာယ်ကို ဦးစွာသိပြီးမှ ကမ္ဘာမကျေဟု အပင့် “ကျေ”ဖြင့် ရေးရမည်လော။ ကမ္ဘာမကြေဟု အရစ် “ကြေ” ဖြင့် ရေးရမည်လောဟူသည်ကို ဆုံးဖြတ်ရပေလိမ့်မည်။

ဤတွင် အပင့် “ကျေ” နှင့် အရစ် “ကြေ” တို့၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုရန် လိုအပ်လာပေသည်။ မြန်မာစာအဖွဲ့က ဖွင့်ဆိုထားသော အပင့် “ကျေ”၊ အရစ် “ကြေ”၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အလွန်ရှင်းလင်းပြတ်သား၍ လိုက်နာရန်လည်း အလွန်လွယ်ကူသည်ဟု ဆိုရပေလိမ့်မည်။ မြန်မာစာအဖွဲ့က အပင့် “ကျေ” ကို “ပျောက်ကွယ်သည်” ဟူ၍လည်းကောင်း၊ အရစ် “ကြေ” ကို “မုန့်မုန့်ညက်ညက်ဖြစ်သည်” ဟူ၍လည်းကောင်း၊ အဓိပ္ပာယ်သတ်မှတ်ဖွင့်ဆိုချက်ကို တစ်ဆင့်တက်၍ စဉ်းစားကြံဆရသော် “**မုန့်မုန့်ညက်ညက်**ဖြစ်သည်” ဆိုသည်မှာ ဝတ္ထုဒြပ်အကောင်အထည် အစိုင်အခဲတစ်ခုရှိမှ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ဝတ္ထုဒြပ်အကောင်အထည် အစိုင်အခဲတစ်ခုခုကြေသည်ကိုသာ အရစ် “ကြေ” ဖြင့် သုံးနှုန်းရေးသားရပေသည်။

အပင့် “ကျေ” ၏ အဓိပ္ပာယ်ကို ပျောက်ကွယ်သည်ဟု ဖွင့်ဆိုသည်မှာလည်း မုန့်မုန့်ညက်ညက်ဖြစ်နိုင်သော ဝတ္ထုဒြပ်အကောင်အထည် အစိုင်အခဲတစ်ခု ပျောက်ကွယ်သွားသည်ကို ဆိုလိုသည်မဟုတ်။ ဝတ္ထုဒြပ်အကောင်အထည် အစိုင်အခဲမဟုတ်သော ထိနိုင်တွေ့နိုင်မြင်နိုင်သည့် အရာမဟုတ်သော နာမ်တစ်ခုခု၊ တစ်နည်းဆိုသော် စိတ္တဇနာမ်တစ်ခုခု ပျောက်ကွယ်သွားသည်ကိုသာ အပင့် “ကျေ”ဖြင့် သုံးနှုန်းရေးသားရပေသည်။

အဆိုပါ အရစ် “ကြေ” နှင့် အပင့် “ကျေ” တို့၏ အဓိပ္ပာယ်သတ်မှတ်ချက်နှင့် ဝေါဟာရ အသုံးအနှုန်းညီ မညီကို မြန်မာစာအဖွဲ့က ပုံနှိပ်ထုတ်ဝေသည့် မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းနှင့် ခွဲထားစာအုပ်တွင် ဖော်ပြထားသည့် အပင့် “ကျေ” နှင့် အရစ် “ကြေ” ခွဲထားသတ်ပုံစာရင်းကို လေ့လာကြည့်ကြစေလိုပါသည်။ မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေသော အပင့် “ကျေ” နှင့် အရစ် “ကြေ” ခွဲထားစာရင်းတွင် အောက်ပါဝေါဟာရများကို တွေ့နိုင်ပါသည်။

အပင့် “ကျေ” သုံးဝေါဟာရများ-

ကျေ-(ပျောက်ကွယ်)၊ ကျေကုံ-၊ ကျေချမ်း-၊ ကျေနပ်-၊ ကျေပ-၊ ကျေပျောက်-၊ ကျေပွန်-၊ ကျေလည်-၊ ကျေအေး-၊ ကျိန်းကျေ-၊ ကျမ်းကျေ၊ စာကျေ-၊ စိတ်ကျေ-၊ စိတ်မကျေပွဲ၊ ဆယ်လီကျေ-၊ ဇယားကျေ-၊ တာဝန်ကျေ၊ ဒဏ်ကျေဆေး၊ နောကျေ-၊ ပဲတင်းပဲကျေ၊ ပျက်ကျေ-၊ မင်းတိုင်းကျေလုပ်-၊ လောကွတ်ကျေ-၊ ဝတ်ကျေတမ်းကျေ၊ ဝတ်ကျေဝတ်ကုံ ၊ သဘောတရားကျေညက်-၊ သေကျေ-၊ အခဲမကျေ၊ အသုံးလုံးကျေ-၊ ဥဒါန်းမကျေ၊ ကမ္ဘာမကျေ၊ အောက်သက်ကျေ-၊ ပွတ်ခုံပွတ်ကျေ။

အရစ် “ကြေ” သုံးဝေါဟာရများ-

ကောလီကြေ-၊ ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေ(ကမ္ဘာမကျေ)၊ ကြေ-(မုန့်မုန့်ညက်ညက် ဖြစ်-)၊ စိစိညက်ညက်ကြေ-၊ တွန့်ကြေ-၊ ထောင်းထောင်းကြေ-၊ ဖွတ်ဖွတ်ကြေ-၊ မွမွကြေ-၊ လေကြေဆေး-၊ သိသိကြေ-၊ အစာကြေညက်၊ အတွင်းကြေကြေ-။

ဖော်ပြပါ အပင့် “ကျေ”နှင့် အရစ် “ကြေ” ရေးထုံးအသုံးအနှုန်းနှစ်ရပ်တွင် အပင့် “ကျေ” သုံးဝေါဟာရအားလုံးသည် စိတ္တဇနာမ်တစ်ခုခု“ပျောက်ကွယ်” အဓိပ္ပာယ်များဖြစ်ကြသည်။ အရစ် “ကြေ” သုံးဝေါဟာရအားလုံးသည် ဝတ္ထုဒြပ်အကောင်အထည်၊ အစိုင်အခဲတစ်ခုခု မုန့်မုန့်ညက်ညက်ဖြစ်သည့် အဓိပ္ပာယ်ကို ဆောင်ကြပါသည်။

ဤသို့သော ကွဲပြားသော အဓိပ္ပာယ်ဆောင်ကြကြောင်း သာဓကအနည်းငယ်ထုတ်၍ ရှင်းပြလိုပါသည်။

ဒဏ်ကျေသည်၊ ဒဏ်ကျေဆေးတို့ကို အပင့် “ကျေ”ဖြင့် ရေးရပါသည်။ အဘယ်ကြောင့်ဆိုသော် ဒဏ်ဆိုသည်မှာ ကိုင်၍တွယ်၍ ရှုကြည့်၍မြင်ရသောအရာမဟုတ်ပေ။ ဒဏ်ကျေသည်ဆိုသည်မှာ ဖြစ်နေသော၊ ခံစားနေရသောဒဏ်ပျောက်ကွယ်သည်ကို ဆိုလိုခြင်းဖြစ်သည်။ ဒဏ်ကျေဆေးဆိုသည်မှာလည်း ဖြစ်နေသော၊ ခံစားနေရသောဒဏ် (ကိုင်တွယ်မရ၊ မမြင်ရ) ကို ပျောက်ကွယ်စေသောဆေးကို ဆိုလိုခြင်းဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# NUG၊ PDF အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံနေသောနိုင်ငံများသို့ အိတ်ဖွင့်ပေးစာ

**အမည်မဖော်လိုသူပြည်သူတစ်ဦး**

ယခုတစ်လော လူမှုကွန်ရက်စာမျက်နှာတွေမှာ မြင်တွေ့ရတဲ့ NUG၊ PDF အဖွဲ့တွေရဲ့ ရက်စက်ကြမ်းတမ်းစွာ လူမဆန်တဲ့ အကြမ်းဖက်လူသတ်ခဲ့တဲ့သတင်းတွေကို မြင်တွေ့မိပြီး အကြမ်းဖက်အားပေးနေသူများသိစေရန် တာဝန်သိပြည်သူတစ်ဦးအနေနဲ့ ယခုအိတ်ဖွင့်ပေးစာကို ရေးသားလိုက်ရခြင်းဖြစ်ပါတယ်။




မြင်းခြံမြို့နယ် ဆုံရွာကျေးရွာတွင် အပြစ်မဲ့ပြည်သူများ PDF များ၏ သတ်ဖြတ်ခြင်းခံရသည့် မှတ်တမ်း။

၂၀၂၄ ခုနှစ် မေလ ၈ ရက်နေ့ကစပြီး လူမှုကွန်ရက်ပေါ်မှာ ပျံ့နှံ့နေတဲ့ PDF အချင်းချင်း သတ်ဖြတ်ခဲ့ကြတဲ့ အကြမ်းဖက်သတ်ဖြတ်မှု ဗီဒီယိုဖိုင်တစ်ခုဟာ မြင်တွေ့ရသူတိုင်း စိတ်နှလုံးထိခိုက်ဖွယ်မြင်ကွင်းဖြစ်ပါတယ်။ ဒီဗီဒီယိုဖိုင်ဟာ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ထဲမှာ ဖြစ်ပွားခဲ့တဲ့ ဖြစ်ရပ်မှန်ဖြစ်စဉ်တစ်ခုဖြစ်ပြီး လူလေးဦးကို လက်နောက်ပြန်ကြိုးတုပ် စစ်ဆေးမေးမြန်းပြီး ရက်စက်စွာသတ်ဖြတ်ခဲ့တဲ့ မှတ်တမ်းဖြစ်ပါတယ်။ သတ်ဖြတ်ကြသူတွေဟာ အကြမ်းဖက်ခေါင်းဆောင်စနေနဲ့အဖွဲ့သားတွေဖြစ်ကြပြီး ပြည်သူလူထုဆီကနေ ခါးပြတိုက်ပြီး ရရှိလာတဲ့ ငွေကြေးတွေကို ၎င်းတို့အဖွဲ့ထဲက အဖွဲ့ဝင်တချို့က ခိုးယူထွက်ပြေးလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ဖမ်းဆီးစစ်ဆေးသတ်ဖြတ်ခဲ့တာဖြစ်ပါတယ်။ ဗီဒီယိုဖိုင်မှာတော့ ရက်ရက်စက်စက် ခေါင်းဖြတ်၊ နားရွက်ဖြတ် ခန္ဓာကိုယ်အစိတ်အပိုင်းတွေကိုလည်း ခုတ်ထစ်သတ်ဖြတ်နေကြတာကို တွေ့ရပါတယ်။

ဗီဒီယိုဖိုင်ထဲက အကြမ်းဖက်လုပ်ရပ်ဟာ ဘယ်လိုအကြောင်းပြချက်နဲ့ဖြစ်ဖြစ် လက်ခံလို့မရဘဲ လူစိတ်ကင်းမဲ့ကာ သတ်ဖြတ်နေသူတွေဟာ မူးယစ်ဆေးဝါးသုံးစွဲထားတယ်လို့ ယူဆရပါတယ်။ မြင်တွေ့ရသူတိုင်း စိတ်နှလုံးမချမ်းမြေ့ရသလို ဒီလိုရက်ရက်စက်စက် ကြမ်းကြမ်းတမ်းတမ်း လုပ်နေသူတွေကိုလည်း အားမပေးသင့်ဘူးလို့ ထင်မြင်မိပါတယ်။

နောက်ထပ်ဖြစ်စဉ်တစ်ခုကတော့ အပြစ်မဲ့ပြည်သူတွေအပေါ် ကျူးလွန်တဲ့ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆုံရွာကျေးရွာကို ၂၀၂၄ ခုနှစ် မေလ ၉ ရက်နေ့က PDF အကြမ်းဖက်သမားတွေက လက်နက်ကြီး၊ လက်နက်ငယ်တွေနဲ့ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့ကြပါတယ်။ ဒီလို ပစ်ခတ်တိုက်ခိုက်ရတဲ့ အကြောင်းရင်းက သူတို့ရဲ့အကြမ်းဖက်လုပ်ရပ်ကို မထောက်ခံလို့၊ အမြင်မတူလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ဖြစ်ပါတယ်။ ဒီလိုအရပ်သားတွေသာရှိနေတဲ့ ရွာထဲကို ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့ကြလို့နေအိမ်တွေပေါ် လက်နက်ကြီးကျည်တွေ ကျရောက်ပေါက်ကွဲခဲ့ပြီး ဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ကာ အမျိုးသား ငါးဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄ဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ပါတယ်။ ကျေးရွာအတွင်းက နေအိမ်အလုံး ၅၀ ခန့်လည်း မီးလောင်ပျက်စီးခဲ့ပါတယ်။ သေဆုံးသူတွေထဲမှာ ကလေးငယ်တွေပါဝင်နေပြီး လက်နက်မဲ့ပြည်သူတွေကို ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက် သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

NUG အဖွဲ့ရဲ့ ကြိုးကိုင်စေခိုင်းမှုကြောင့် PDF အဖွဲ့တွေဟာ ဒီလိုလူသတ်အကြမ်းဖက်လုပ်ရပ်တွေသာမက စစ်ဘက်ပစ်မှတ်မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်တွေကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်း၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍတွေကို နှောင့်ယှက်တိုက်ခိုက်ခြင်းဆိုတဲ့ စစ်ရာဇဝတ်မှုကျူးလွန်ခြင်းတွေကို ပြောင်ပြောင်တင်းတင်း လုပ်ဆောင်လျက်ရှိတာကို သူတို့ရဲ့ထုတ်ပြန်ချက်တွေနဲ့ လူမှုကွန်ရက်သတင်းတွေမှာ သက်သေအထောက်အထားတွေနဲ့ တကွ မကြာခဏမြင်တွေ့ ကြားသိနေရပါတယ်။

**မြန်မာနိုင်ငံမှာ လတ်တလောဖြစ်ပွားနေတဲ့ ပဋိပက္ခတွေကို မှန်ကန်စွာ ရှုမြင်သုံးသပ်ကြည့်လိုက်ရင် နိုင်ငံရေးရယူလိုမှုကို အကြောင်းပြချက်ပေးပြီး လူသတ်အကြမ်းဖက်လုပ်ရပ်နဲ့ အစွန်းရောက်ဝါဒကို NUG၊ PDF တို့ ကျင့်သုံးနေတာကို ရှင်းလင်းပြတ်သားစွာ မြင်တွေ့ကြရမှာဖြစ်ပါတယ်။ NUG ကို အလွတ်သဘောထိတွေ့ဆက်ဆံနေတဲ့ နိုင်ငံတွေအနေနဲ့ မြန်မာနိုင်ငံမှာ နစကအစိုးရပြုတ်ကျရေး ဖိအားပေးလိုတာ တစ်ခုတည်းနဲ့ NUG၊ PDF တွေရဲ့ စစ်ဘက်မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်တွေကို တိုက်ခိုက်ခြင်း၊ အရပ်သားပြည်သူတွေကို အကြမ်းဖက်သတ်ဖြတ်ခြင်းစတဲ့ ကိစ္စရပ်တွေကို လျစ်လျူရှုထားပြီး ပုံသဏ္ဍာန်မျိုးစုံနဲ့ ထောက်ပံ့ဖို့ ကြိုးစားနေကြတာ မလုပ်သင့်တဲ့လုပ်ရပ်တွေဖြစ်ပါတယ်။ ဒီလိုတာဝန်မဲ့ပြီး အကြမ်းဖက်ဝါဒအားပေးရေး လုပ်ရပ်တွေကြောင့် မြန်မာနိုင်ငံမှာ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေ ထပ်မံဖြစ်ပွားနေခြင်းဖြစ်ပါတယ်။ ဒီလိုစစ်ရာဇဝတ်မှုကျူးလွန်နေတဲ့ NUG၊ PDF တွေကို ငွေကြေးထောက်ပံ့ခြင်း၊ နေထိုင်စရာခိုလှုံခွင့်ပေးခြင်းနဲ့ အလွတ်သဘောထိတွေ့မှု ပြုလုပ်ပေးနေခြင်းဟာ သူတို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို အသိအမှတ်ပြုပြီး အားပေးထောက်ခံတဲ့သဘော သက်ရောက်နေပါတယ်။**

PDF တွေအနေနဲ့ စည်းစနစ်မရှိဘဲ ပရမ်းပတာဖွဲ့စည်းထားတဲ့ လက်နက်ကိုင်အဖွဲ့ဖြစ်တာကြောင့် လက်နက်မရှိတဲ့ပြည်သူတွေကို ပစ်မှတ်ထားသတ်ဖြတ်နေတာတင်မကတော့ဘဲ အချိန်ကြာလာတဲ့အခါမှာ PDF အကြမ်းဖက်အဖွဲ့အချင်းချင်းလည်း ခေါင်းစဉ်မျိုးစုံနဲ့ အပြန်အလှန်သတ်ဖြတ်မှုတွေ ကျူးလွန်နေကြခြင်းဖြစ်ပါတယ်။

**ဒီလိုသတ်ဖြတ်မှုတွေ ကျူးလွန်နေတာကို အမေရိကန်အပါအဝင် NUG နဲ့ PDF တွေကို ထိတွေ့ဆက်ဆံနေတဲ့နိုင်ငံတွေ မသိဘူးဆိုတာ မဖြစ်နိုင်ပါဘူး။ PDF တွေရဲ့ အကြမ်းဖက်မှုကျူးလွန်နေတဲ့ ဗီဒီယိုဖိုင်တွေဟာ ဆိုရှယ်မီဒီယာတွေပေါ်မှာ သိသိသာသာ ပျံ့နှံ့နေတာဖြစ်ပြီး နိုင်ငံတကာအနေနဲ့လည်း သက်ဆိုင်ရာသံရုံး၊ စစ်သံရုံးတွေရဲ့ သတင်းပို့တင်ပြချက်တွေရှိနေမှာ ဖြစ်ပါတယ်။**

အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး ဆောင်ရွက်နေတဲ့အဖွဲ့အစည်းတွေကလည်း နိုင်ငံတကာကို သတင်းတွေပေးပို့ပြီး NUG၊ PDF အဖွဲ့တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မီးမောင်းထိုးပြပေးနေပါတယ်။ ဒီလို အကြမ်းဖက်အဖွဲ့အစည်းတွေကို အမေရိကန်နိုင်ငံအနေနဲ့ အဆင်အခြင်ကင်းမဲ့စွာ ထောက်ခံအားပေးနေတာဟာ အလွန်အံ့ဩဖွယ် ကောင်းလှပါတယ်။

အမေရိကန်အစိုးရအဖွဲ့ဟာ ၂၀၂၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် အကူအညီပေးရေး ရန်ပုံငွေထဲကနေ မြန်မာနိုင်ငံက အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေနဲ့ NUG၊ PDF အဖွဲ့တွေအတွက် စစ်လက်နက်မဟုတ်တဲ့ ကူညီထောက်ပံ့မှု (Nonlethal Aid) နဲ့ လူသားချင်းစာနာထောက်ထားမှု အကူအညီ (Humanitarian Aid) ပေးအပ်သွားမယ်လို့ကြေညာထားတာ တွေ့ရပါတယ်။ မည်သို့ပင် Nonlethal Aid လို့ ခေါင်းစဉ်တပ်နေပေမယ့် လက်တွေ့မှာ အမေရိကန်ထောက်ပံ့ငွေတွေဟာ အကြမ်းဖက်မှုတွေလုပ်ဖို့နဲ့ လက်နက်ဝယ်ဖို့ ထောက်ပံ့ကြေးဖြစ်သွားတယ်ဆိုတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် အမေရိကန်နိုင်ငံနဲ့ အပေါင်းအပါနိုင်ငံတွေက NUG၊ PDF အဖွဲ့တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို

စာမျက်နှာ ၇ သို့ ❖




မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်တွင် PDF အချင်းချင်း ရက်ရက်စက်စက် သတ်ဖြတ်နေသည့် မှတ်တမ်းဗီဒီယို။

**❝ မြန်မာနိုင်ငံမှာ လတ်တလောဖြစ်ပွားနေတဲ့ပဋိပက္ခတွေကို မှန်ကန်စွာ ရှုမြင်သုံးသပ်ကြည့်လိုက်ရင် နိုင်ငံရေးရယူလိုမှုကို အကြောင်းပြချက်ပေးပြီး လူသတ်အကြမ်းဖက်လုပ်ရပ်နဲ့ အစွန်းရောက်ဝါဒကို NUG၊ PDF တို့ ကျင့်သုံးနေတာကို ရှင်းလင်းပြတ်သားစွာ မြင်တွေ့ကြရမှာဖြစ်ပါတယ်။ NUG ကို အလွတ်သဘောထိတွေ့ဆက်ဆံနေတဲ့ နိုင်ငံတွေအနေနဲ့ မြန်မာနိုင်ငံမှာ နစကအစိုးရပြုတ်ကျရေး ဖိအားပေးလိုတာ တစ်ခုတည်းနဲ့ NUG၊ PDF တွေရဲ့ စစ်ဘက်မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်တွေကို တိုက်ခိုက်ခြင်း၊ အရပ်သားပြည်သူတွေကို အကြမ်းဖက်သတ်ဖြတ်ခြင်း စတဲ့ကိစ္စရပ်တွေကို လျစ်လျူရှုထားပြီး ပုံသဏ္ဍာန်မျိုးစုံနဲ့ ထောက်ပံ့ဖို့ကြိုးစားနေကြတာ မလုပ်သင့်တဲ့ လုပ်ရပ်တွေ ဖြစ်ပါတယ်။ ဒီလိုတာဝန်မဲ့ပြီး အကြမ်းဖက်ဝါဒအားပေးရေးလုပ်ရပ်တွေကြောင့် မြန်မာနိုင်ငံမှာ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေ ထပ်မံဖြစ်ပွားနေခြင်း ဖြစ်ပါတယ်။ ဒီလိုစစ်ရာဇဝတ်မှုကျူးလွန်နေတဲ့ NUG၊ PDF တွေကို ငွေကြေးထောက်ပံ့ခြင်း၊ နေထိုင်စရာခိုလှုံခွင့်ပေးခြင်းနဲ့ အလွတ်သဘောထိတွေ့မှု ပြုလုပ်ပေးနေခြင်းဟာ သူတို့ရဲ့အကြမ်းဖက်လုပ်ရပ်တွေကို အသိအမှတ်ပြုပြီး အားပေးထောက်ခံတဲ့သဘော သက်ရောက်နေပါတယ် ❞**

# ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ကျေးလက်ဒေသတွင်နေထိုင်သည့် သက်ကြီးရွယ်အိုများ၏ ဝင်ငွေရရှိမှုအပေါ် ကိုဗစ်-၁၉ ၏ အကျိုးသက်ရောက်မှုများလေ့လာမှုဆိုင်ရာ သုတေသနစာတမ်း၏ တွေ့ရှိချက်များကို သုံးသပ်အကြံပြုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ




နေပြည်တော် မေ ၂၈

အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (Senior Officials Meeting on Social Welfare and Development–SOMSWD)တွင် မြန်မာ၏ SOMSWD Work Plan (2021–2025)အရ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ကျေးလက်ဒေသတွင်နေထိုင်သည့် သက်ကြီးရွယ်အိုများ၏ဝင်ငွေရရှိမှုအပေါ် ကိုဗစ်–၁၉၏ အကျိုးသက်ရောက်မှုများ လေ့လာမှုဆိုင်ရာသုတေသနစာတမ်းကို ASEAN Development Fund (ADF) အထောက်အပံ့ဖြင့် ၂၀၂၃ ခုနှစ် ဇွန်လမှ ၂၀၂၄ ခုနှစ် ဇွန်လအထိ သက်ဆိုင်ရာနိုင်ငံများအလိုက် သုတေသနများဆောင်ရွက်ခဲ့ကြပြီး တွေ့ရှိချက်များကို သုံးသပ်အကြံပြုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ(Validation Workshop for the Research on the Impact of COVID–19 on the Income Security of Rural Older People in Cambodia, Lao PDR, Myanmar and Vietnam)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ASEAN Ministrerial Meetings on Social Welfare and Development–AMMSWD (Myanmar) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံတို့မှ Regional Researcher နှင့် National Researchers များ၊ ဌာနဆိုင်ရာများနှင့် ပြင်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက In–Person ဖြင့် တက်ရောက်ကြပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOMSWD) ၏ အလှည့်ကျဥက္ကဋ္ဌနှင့် Focal Points များ၊ အာဆီယံအလုပ်သမားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး(SLOM)၏ အလှည့်ကျဥက္ကဋ္ဌတို့က Virtual စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ကိုဗစ်–၁၉သည် ကမ္ဘာတစ်ဝန်းတွင် ထိခိုက်လွယ်အုပ်စုများအတွက် စိန်ခေါ်မှုများကိုဖြစ်ပေါ်စေခဲ့ပြီး အရှေ့တောင်အာရှ၏ ကျေးလက်ဒေသတွင်နေထိုင်သော သက်ကြီးရွယ်အိုများအတွက်လည်း ဝင်ငွေရရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ထောက်ပံ့မှုများ အပါအဝင်အခက်အခဲများကို ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ဤသုတေသန တွေ့ရှိချက်များသည် သက်ကြီးရွယ်အိုများအပေါ် ကိုဗစ်–၁၉၏ ဘက်ပေါင်းစုံမှအကျိုးသက်ရောက်မှုများကို ဖော်ပြထားပြီး ထိုမှတစ်ဆင့် ထိရောက်သောမူဝါဒများချမှတ်နိုင်ရေးအတွက် အကြံပြုချက်များပါရှိပါကြောင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ကျေးလက်ဒေသတွင်နေထိုင်သည့် သက်ကြီးရွယ်အိုများ၏ ဝင်ငွေရရှိမှု ရေရှည်တည်တံ့စေရေးအတွက် အထောက်အကူပြုနိုင်ရေး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းပြောကြားသည်။

**ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား**

ဆက်လက်၍ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး(SOMSWD)၏ အလှည့်ကျဥက္ကဋ္ဌ ကိုယ်စား ဗီယက်နမ်နိုင်ငံ အလုပ်သမားနှင့် လူမှုရေးရာဝန်ကြီးဌာန နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် Dr. Ha Thi Minh Duc က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် သုတေသန၏ Regional Researcher ဖြစ်သူ ဒေါက်တာခိုင်ခင်ဖြူက ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ကျေးလက်ဒေသတွင် နေထိုင်သည့် သက်ကြီးရွယ်အိုများ၏ ဝင်ငွေရရှိမှုအပေါ် ကိုဗစ်–၁၉၏ အကျိုးသက်ရောက်မှုများ လေ့လာမှုဆိုင်ရာ သုတေသနစာတမ်း၏ တွေ့ရှိချက်နှင့်အကြံပြုချက်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက်တက်ရောက်လာသူများက သုတေသနစာတမ်းနှင့်စပ်လျဉ်း၍ သုံးသပ်အကြံပြု ဆွေးနွေးခဲ့ကြပြီးမြန်မာနိုင်ငံ၏ SOMSWD Focal Point ဖြစ်သူ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သထုံမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများအား နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ထောက်ပံ့ငွေများ ပေးအပ်

သထုံ မေ ၂၈

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း ခြောက်သင်းတို့အား နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ထောက်ပံ့ငွေများ ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက လိပ်အင်းရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှူး ဒေါ်သန္တာစိုးက ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က အခြေခံသမဝါယမအသင်းများထံ နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် သထုံမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း ခြောက်သင်းတို့အား အရင်းငွေကျပ် သိန်း ၁၄၀၀ နှင့် အတိုးငွေကျပ် ၉၈၄၉၀၀၀ တို့ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❖ စာမျက်နှာ ၆ မှ

လျစ်လျူရှုပြီး သူတို့ကို အားပေးထောက်ခံမှုပြုတယ်ဆိုတဲ့အချက်ဟာလည်း NUG၊ PDF အဖွဲ့တွေအတွက် စိတ်ဓာတ်ခွန်အားတွေရရှိစေကာ ယခုလိုရက်စက်ကြမ်းတမ်းတဲ့လုပ်ရပ်တွေကို အတိုင်းအဆမရှိ အထိန်းအကွပ်မဲ့ ဆက်လက်လုပ်ဆောင်နေကြခြင်းဖြစ်ပါတယ်။

ဒါကြောင့် အမေရိကန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ မြေပြင်အခြေအနေမှန်တွေကို သေချာစွာလေ့လာစိစစ်ဖို့လိုပြီး နစကအစိုးရ ဆန့်ကျင်ရေးလော်ဘီသတင်းဌာနတွေရဲ့ ဖော်ပြချက်သတင်းမှားတွေမှာပဲ လမ်းဆုံးမနေကြဖို့ ဒီစာကနေတစ်ဆင့် အသိပေးလိုပါတယ်။ ဒါကလည်း အမေရိကန်ပြည်သူတွေရဲ့ အဖိုးတန်တဲ့ဘဏ္ဍာငွေတွေကို အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်မှုတွေ ဖန်တီးတဲ့နေရာမှာ အသုံးမပြုမိစေဖို့ စေတနာရှေ့ထားပြီး ထောက်ပြရေးသားလိုက်ရခြင်းဖြစ်ပါတယ်။ အလားတူပဲ NUG ကို အလွတ်သဘော ထိတွေ့ဆက်ဆံနေတဲ့ နိုင်ငံတွေအနေနဲ့လည်း မိတ်ဆွေတို့ရဲ့ လုပ်ရပ်တွေဟာ PDF အကြမ်းဖက်သမားတွေကို အားပေးအားမြှောက်ပြုရာရောက်တယ်ဆိုတာကို သိစေအပ်ပါတယ်။

> **ဒီလိုသတ်ဖြတ်မှုတွေ ကျူးလွန်နေတာကို အမေရိကန်အပါအဝင် NUG နဲ့ PDF တွေကို ထိတွေ့ဆက်ဆံနေတဲ့နိုင်ငံတွေ မသိဘူးဆိုတာ မဖြစ်နိုင်ပါဘူး။ PDF တွေရဲ့ အကြမ်းဖက်မှုကျူးလွန်နေတဲ့ ဗီဒီယိုဖိုင်တွေဟာ ဆိုရှယ်မီဒီယာတွေပေါ်မှာ သိသိသာသာ ပျံ့နှံ့နေတာဖြစ်ပြီး နိုင်ငံတကာအနေနဲ့လည်း သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံးတွေရဲ့ သတင်းပို့တင်ပြချက်တွေရှိနေမှာ ဖြစ်ပါတယ်**

**NUG၊ PDF အဖွဲ့တွေရဲ့ နိုင်ငံရေးရည်မှန်းချက်ကို လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းနဲ့ ရယူဖို့ကြိုးစားနေတဲ့ အကြမ်းဖက်ဝါဒပုံစံအသစ်ကို ဒေသတွင်း နိုင်ငံများသို့ မပျံ့နှံ့စေရေးအတွက် NUG၊ PDF အကြမ်းဖက်သမားတွေကို အားပေးထောက်ခံမှုတွေ မပြုလုပ်ကြဖို့ တောင်းဆိုချင်ပါတယ်။**

ယခုအခါမှာ NUG ခေါင်းဆောင်ပိုင်းအချင်းချင်းနဲ့ လော်ဘီတွေအချင်းချင်းလည်း ပြည်သူတွေဆီကနေ လိမ်လည်ကောက်ခံထားတဲ့ ငွေကြေးအရှုပ်တော်ပုံတွေ၊ နိုင်ငံရပ်ခြားမှာ မိသားစုလိုက်ခေါ်ပြီး တိုက်တွေ၊ ကားတွေဝယ်ပြီး သောက်စားဇိမ်ခံနေကြတဲ့ မြင်ကွင်းတွေနဲ့ပတ်သက်ပြီး ပြည်တွင်း/ပြည်ပက သူတို့ကိုထောက်ခံနေတဲ့သူတွေကိုယ်တိုင် အယုံအကြည်မရှိကြတော့တဲ့အခြေအနေတွေ ဖြစ်ပေါ်နေပါတယ်။ ၎င်းတို့အချင်းချင်းလည်း အပြန်အလှန်စွပ်စွဲမှုတွေနဲ့ တစ်စထက်တစ်စ ပြိုကွဲနေပြီဖြစ်သလို ပြည်တွင်းက ပြည်သူအများစုကလည်း NUG၊ PDF တွေရဲ့ လွဲမှားတဲ့လက်နက်ကိုင်လမ်းစဉ်နဲ့ နိုင်ငံရေးရည်မှန်းချက်ကိုရယူဖို့ ကြိုးစားနေမှုတွေကို သိရှိနားလည်ပြီး ထောက်ခံအားပေးမှုတွေ လျော့ကျနေပြီဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံရေး၊ စစ်ရေးနဲ့ မသက်ဆိုင်တဲ့ အပြစ်မဲ့ပြည်သူတွေကို လုပ်ကြံသတ်ဖြတ်နေခြင်းတွေကို ရွံရှာမုန်းတီးနေကြပြီဖြစ်ပါတယ်။

**ယခုဖော်ပြခဲ့တဲ့ NUG၊ PDF တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေ အထူးသဖြင့် လူမဆန်စွာ သတ်ဖြတ်နေတဲ့ဖြစ်စဉ်တွေ မြန်မာနိုင်ငံအတွင်း ထပ်မံမဖြစ်ပွားစေရေးအတွက် ဒီလိုအဖွဲ့အစည်းတွေကို နိုင်ငံတကာအနေနဲ့ ထောက်ခံအားပေးနေခြင်း မလုပ်သင့်ပါကြောင်း တည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့ ပြည်သူတစ်ဦးအနေနဲ့ အိတ်ဖွင့်ပေးစာ ရေးသားပြီး တောင်းဆိုလိုက်ပါတယ်။** ။

> **NUG၊ PDF အဖွဲ့တွေရဲ့ နိုင်ငံရေးရည်မှန်းချက်ကို လက်နက်ကိုင် အကြမ်းဖက်နည်းလမ်းနဲ့ ရယူဖို့ကြိုးစားနေတဲ့ အကြမ်းဖက်ဝါဒ ပုံစံအသစ်ကို ဒေသတွင်းနိုင်ငံများသို့ မပျံ့နှံ့စေရေးအတွက် NUG၊ PDF အကြမ်းဖက်သမားတွေကို အားပေးထောက်ခံမှုတွေ မပြုလုပ်ကြဖို့ တောင်းဆိုချင်**

> **NUG၊ PDF တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေ အထူးသဖြင့် လူမဆန်စွာ သတ်ဖြတ်နေတဲ့ဖြစ်စဉ်တွေ မြန်မာနိုင်ငံအတွင်း ထပ်မံမဖြစ်ပွားစေရေးအတွက် ဒီလိုအဖွဲ့အစည်းတွေကို နိုင်ငံတကာအနေနဲ့ ထောက်ခံအားပေးနေခြင်း မလုပ်သင့် ပါကြောင်း တည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ ပြည်သူတစ်ဦးအနေနဲ့ အိတ်ဖွင့်ပေးစာ ရေးသားပြီး တောင်းဆို**

# ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတိုးတက်ရေးအတွက် အရေးပါသည့်ဌာနဖြစ်၍ ပညာရေးဝန်ထမ်းမိသားစုများအားလုံး လက်တွဲညီညီဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရမည်



နေပြည်တော် မေ ၂၈

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများနှင့် အွန်လိုင်းမှတွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတိုးတက်ရေးအတွက် အရေးပါသည့်ဌာနဖြစ်၍ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် အခြေခံပညာကျောင်းများမှ ဆရာဆရာမများ၊ ပညာရေးဝန်ထမ်းမိသားစုများအားလုံး လက်တွဲညီညီဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများအနေဖြင့် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းထဲရောက်ရှိစေရေး ဝိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အနည်းဆုံး အလယ်တန်းကျောင်းများအားလုံး ကျောင်းစာကြည့်တိုက် ထားရှိရန်နှင့် ကျောင်းစာကြည့်တိုက်တွင် စာဖတ်ချိန်ကို အချိန်ဇယားတွင် ထည့်သွင်းရေးဆွဲ ကျင့်သုံးကြရမည်ဖြစ်ကြောင်း၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပညာရေးမှူးများအနေဖြင့် စာသင်ကျောင်းများနှင့် စာသင်ခန်းများအထိ အရောက်သွား၍ ကျောင်းသားကျောင်းသူများ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ဘာသာရပ်သင်ကြားရုံမျှသာမဟုတ်ဘဲ ကျောင်းသားလူငယ်များကို ယဉ်ကျေးလိမ္မာအောင်၊ အကျင့်စာရိတ္တကောင်းမွန်အောင်၊ တိုင်းချစ် ပြည်ချစ်စိတ်ရှိအောင်၊ မိမိယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်တတ်အောင်သွန်သင်ဆုံးမ ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**တိုက်တွန်းပြောကြား**

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပုဂ္ဂလိကကျောင်းများကို ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ထောက်ခံချက်အရ ထပ်မံစိစစ်၍ ကျောင်းမှတ်ပုံတင်လက်မှတ် ထုတ်ပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိက ဆရာအတတ်ပညာသင်တန်း တက်ရောက်ပြီးသူများအား ဘွဲ့လက်မှတ်မှန်ကန်မှု၊ ပြစ်မှုကင်းရှင်းမှု ထပ်မံစိစစ်၍ ပုဂ္ဂလိက ကျောင်းဆရာမှတ်ပုံတင်လက်မှတ် ထုတ်ပေးမည်ဖြစ်ကြောင်း၊ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသင်ယူမှု နည်းစနစ်များကို မွမ်းမံမြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံ ပညာရေးအဆင့်အတန်းမြှင့်တင်ရေးတွင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အခြေခံပညာကျောင်းများတွင် တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး ကြီးကြပ်ဆောင်ရွက်ကြရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုမှတ်တမ်းများ ပေးပို့ရန်အတွက် မှာကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်တို့က အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ ဆရာအတတ်ပညာကဏ္ဍရှိ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်တို့တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဗဟန်းမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း (ဗဟန်း) မိုးဦးပန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးလင်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဌေးဝင်းက ကျောင်းအပ်နှံရေးသီတင်းပတ်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ကမာရွတ်ခရိုင် ပညာရေးမှူးဒေါက်တာစုစုလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက နိုင်ငံတော်က အခမဲ့ထောက်ပံ့သည့် မူလတန်းကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဘောပင်၊ ခဲတံများကို ကျောင်းသားကျောင်းသူများအား ထောက်ပံ့ပေးအပ်၍ အလှူရှင်များက မြို့နယ်ပညာရေးမှူးထံ အလှူငွေများပေးအပ်ခဲ့သည်။

**အောင်မြင့်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ဝေရတ်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းဝင်းနွယ်က ကျောင်းအပ်နှံခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အင်းစိန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား အင်းစိန်ခရိုင်ပညာရေးမှူး ဒေါက်တာသင်းမာလာ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကျောင်းသုံးပစ္စည်းများကို အခမဲ့ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။



**မြင့်ဦး**

## သထုံမြို့နယ်၌ ကျောင်းအပ်နှံနေမှုအား တာဝန်ရှိသူများ ကြည့်ရှုအားပေး



သထုံ မေ ၂၈

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံနေမှုကို ယနေ့နံနက်ပိုင်းတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

သထုံမြို့နယ်အတွင်း ကျောင်းအပ်နှံကြသူများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်တို့က KG တန်းမှ Grade -12 အထိ စနစ်တကျ ကျောင်းအပ်လက်ခံပေးနေမှုနှင့် ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံတို့ ထောက်ပံ့ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



## တံတားဦးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

တံတားဦး မေ ၂၈

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တံတားဦးမြို့ အမှတ်(၂)ရပ်ကွက် ဆုံကုန်းရပ်ရှိ မြို့နယ်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကိုလင်းက ကျောင်းအပ်နှံရေးနေ့နှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက နိုင်ငံတော်က ထောက်ပံ့ပေးအပ်သော ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ကျောင်းဝတ်စုံများနှင့် စာရေးကိရိယာများကို သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများထံ ပေးအပ်ကြကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

# အိန္ဒိယနိုင်ငံမှ ဘွဲ့ခံဆရာတော်ကြီးများအား မြန်မာနိုင်ငံတော် အစိုးရက ဆက်ကပ်လှူဒါန်းသည့် “မဟာသဒ္ဓမ္မဇောတိကဓဇ” နှင့် “သဒ္ဓမ္မဇောတိကဓဇ” သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းသည့်အခမ်းအနားကျင်းပ

**နယူးဒေလီ မေ ၂၈**

အိန္ဒိယနိုင်ငံမှ ဘွဲ့ခံဆရာတော်ကြီးများအား မြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသည့် “မဟာသဒ္ဓမ္မဇောတိကဓဇ” နှင့် “သဒ္ဓမ္မဇောတိကဓဇ” သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းသည့် အခမ်းအနားကို မေ ၂၆ ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ မြန်မာသံရုံး၌ ကျင်းပသည်။

**ကြွရောက်ချီးမြှင့်**

အဆိုပါ အခမ်းအနားသို့ ဂုဏ်ထူးဆောင် ဒေါ်သည့်တော်များအဖြစ် နိုင်ငံတော် သြဝါဒါစရိယ ရွှေကျင်နိကာယ သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရနှင့် ကုသိနာရုံ မြန်မာကျောင်းတိုက်မှ အဓိပတိ ပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရတို့က ကြွရောက်ချီးမြှင့်ခဲ့ပြီး ဗုဒ္ဓဘာသာနိုင်ငံများမှ သံအမတ်ကြီးများ၊ ဗုဒ္ဓဘာသာအဖွဲ့အစည်းပေါင်းစုံမှ ဆရာတော်များ၊ လူပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ဂုဏ်ထူးဆောင်ဒေါ်သည်တော် သီတဂူ ဆရာတော်ကြီးနှင့် ကုသိနာရုံ ဆရာတော်ကြီးတို့က သြဝါဒချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော် အစိုးရကိုယ်စား မြန်မာသံအမတ်ကြီးက အိန္ဒိယနိုင်ငံမှ ဘွဲ့ခံဆရာတော်များဖြစ်သည့် Ven. Bhikkhu Sanghasena၊ မဟာဗောဓိ အပြည်ပြည်ဆိုင်ရာ တရားရိပ်သာ၊ ဒေါက်တာ ဘဒ္ဒန္တ ဓမ္မပီယ၊ ဓမ္မဒီပပညာရေးကျောင်းနှင့် ဒေါက်တာ ဘဒ္ဒန္တ ယသ၊ဦးစန္ဒြမဏိဆိုနေ်လီမြန်မာကျောင်းတိုက်တို့အား သာသနာ့ဂုဏ်ထူးဆောင်ဘွဲ့များ ဆက်ကပ်အပ်နှင်းခဲ့ပြီး လူမှုထူးချွန်သူ လေးဦးကိုလည်း အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓငြိမ်းချမ်းရေးဆု (International Buddha Peace Awards) များ အပ်နှင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၀၂၄ ခုနှစ်အတွက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ခံရသည့် ဂျပန်နိုင်ငံမှ ပြည်ပဘွဲ့ခံဆရာတော်ကြီးနှစ်ပါးအား မြန်မာသံရုံးက ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

**ရန်ကုန် မေ ၂၈**

၂၀၂၄ ခုနှစ်အတွက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းခံရသည့် ဂျပန်နိုင်ငံမှ ပြည်ပဘွဲ့ခံဆရာတော်ကြီးနှစ်ပါးအား ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကျင်းပခဲ့ကြောင်း အဆိုပါသံရုံးမှ အသိပေးထုတ်ပြန်ထားသည်။

**ဆက်ကပ်ပူဇော်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်အတွက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းခဲ့သည့် ဂျပန်နိုင်ငံ ဟော်ဂိုပြည်နယ် ကာတိုမြို့ရှိ Nenbutsushu Sampozan Muryojuji Temple ၏ Chief High Priest နှင့် President of Buddhist Summit ၏ ဆရာတော် Most Ven. Dr. Shinkai KORI နှင့် ဂျပန်နိုင်ငံ ခိတကျူးရှူးမြို့ မိုဂျီကမ္ဘာအေးစေတီကျောင်း၊ မြန်မာဘုန်းတော်ကြီးကျောင်းတိုက်မှ ဘဒ္ဒန္တပဏ္ဍိတတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်း အခမ်းအနားကို မေ ၂၅ ရက်တွင် တိုကျိုမြို့ မြန်မာသံရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ သံအမတ်ကြီး ဦးစိုးဟန်နှင့်ဇနီး၊ စစ်သံမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်ထွန်း၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ မြန်မာဒေါ်ယ့်ပရိသတ်များ၊ ဂျပန်နိုင်ငံမှ ထေရဝါဒဗုဒ္ဓဘာသာဝင် ဒါယကာ ဒါယိကာမများ၊ World Buddhist Supreme Conference , Nenbutsushu Sampozan Muryojuji Temple နှင့် ဂျော့ရှင်းအန်း ဝိပဿနာတရားရိပ်သာမှ ထေရဝါဒ ဗုဒ္ဓဘာသာဝင် ဒေါ်ယ့်ပရိသတ်များနှင့် ဂျပန်နိုင်ငံတွင် ပညာသင်ကြားနေကြသည့် မြန်မာအစိုးရ ပညာတော်သင်များ တက်ရောက်ကြကြောင်း သံရုံး၏ထုတ်ပြန်ချက်တွင်ပါရှိသည်။ အခမ်းအနားတွင် တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ် ရွတ်ဖတ်ခြင်းနှင့် ဂျပန်ဆရာတော်များက ဘုရားဂုဏ်တော်များ ရွတ်ဖတ်၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ကြပြီး ဂျပန်နိုင်ငံ အိအိဂျီမရပ်ကွက် ဟိုခိုတမြို့ ထေရဝါဒဓမ္မစာရီ မြန်မာကျောင်းတိုက် ဂျော့ရှင်းအန်း ဝိပဿနာတရားရိပ်သာမှ ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏုတ္တရထံမှ သီလခံယူ ဆောက်တည်ခဲ့ကြသည်။

ထို့နောက် သံအမတ်ကြီး ဦးစိုးဟန်က ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့် အပ်နှင်းခံရသည့် ဂျပန်နိုင်ငံမှ ပြည်ပဘွဲ့ခံဆရာတော်ကြီးနှစ်ပါးအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ဝမ်းမြောက်ဂုဏ်ပြု လျှောက်ထားပြီး ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်အပ်နှင်းခံရသည့် ဆရာတော် Most Ven. Dr. Shinkai KORI နှင့် အဘိဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်အပ်နှင်းခံရသည့် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်များ ဆက်ကပ်ပူဇော်ခဲ့သည်။



**ဝမ်းမြောက်စကားမိန့်ကြား**

ဆက်လက်၍ ဂျပန်နိုင်ငံမှ Nenbutsushu Sampozan Muryojuji Temple ၏ Chief High Priest နှင့် President of Buddhist Summit ၏ ဆရာတော် Most Ven. Dr. Shinkai KORI နှင့် ဂျပန်နိုင်ငံ ခိတကျူးရှူးမြို့ မိုဂျီကမ္ဘာအေးစေတီကျောင်း မြန်မာဘုန်းတော်ကြီးကျောင်းတိုက်မှ ဘဒ္ဒန္တပဏ္ဍိတတို့က ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခံရခြင်းအတွက် ဝမ်းမြောက်စကား မိန့်ကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ဒေါ်ယ့်ပရိသတ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းနှင့် သံအမတ်ကြီးနှင့်ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဒေါ်ယ့်ပရိသတ်များက ဂုဏ်ပြုခံ ဆရာတော်ကြီးနှင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးတို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**MT – ASH**

# (၂၅) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးတက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ထွက်ခွာ

**ရန်ကုန် မေ ၂၈**

(၂၅) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေး ဆပ်ကော်မတီ အစည်းအဝေး (25th ASEAN – COCI Sub – Committee on Information Meeting) တက်ရောက်ရန် မြန်မာနိုင်ငံ အာဆီယံ ပြန်ကြားရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါ အာဆီယံပြန်ကြားရေး ကဏ္ဍ (ASEAN – SCI) အစည်းအဝေးများကို အာဆီယံဒေသတွင်း သတင်းပြန်ကြားရေး ဆိုင်ရာ လုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း အပြန်အလှန် နားလည်မှုနှင့် ယုံကြည်မှု တိုးပွားခိုင်မာလာစေရေး၊ အာဆီယံ စီမံကိန်းများအား အတူတကွ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့အတွက် အဓိကရည်ရွယ်ပြီး နှစ်စဉ်ကျင်းပရာ အဖွဲ့ဝင် ၁၀ နိုင်ငံမှ စုံလင်စွာ တက်ရောက်ကြပြီး ပြန်ကြားရေး ကဏ္ဍဆိုင်ရာ လှုပ်ရှားမှုများနှင့် စီမံကိန်းဆောင်ရွက်မှုများအလိုက် နောက်ဆုံး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ဆွေးနွေးကြကြောင်း၊ ယင်းအစည်းအဝေးကို အာဆီယံ အဖွဲ့ဝင်နိုင်ငံများက တစ်နှစ်လျှင်တစ်ကြိမ် အလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်ကြရာ ယခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ မေ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပညာခေတ်မှာ ကျောင်းအပ်ပါ ပညာရှာ ပညာသင်ကြပါ

မိုးမြင့်

အရာရာပညာနဲ့ တန်ဖိုးဖြတ်တဲ့ ခေတ်ကြီး။ ယခုလည်း ကျောင်းတွေဖွင့်ချိန် ရောက်ပြန်ပါပြီ။ နှစ်စဉ် ကျောင်းအပ်ချိန်ရောက်တိုင်း ပညာရေး ပညာပေးနှိုးဆော်မှုလေးတွေ ပြုလုပ်ဖြစ်ပါတယ်။ ဒီနှစ်လည်း ထိုနည်းလည်းကောင်းပါပဲ။ မိမိတို့ သားသမီးအရွယ် လူငယ်လူရွယ်တွေအတွက် မပြတ်တိုက်တွန်းဖြစ်ပါတယ်။

## လူမိုက်နဲ့ ပညာ အတူမနေ

နှစ်တိုင်း နှစ်တိုင်း ပညာရေးခရီးလမ်းဟာ မဖြောင့်ဖြူးလှပါဘူး။ ပထမနှစ်မှာ ကျောင်းအပ်ဖို့ ကျောင်းတက်ကြဖို့အဓိက အပြင်းအထန် နှိုးဆော်ခဲ့ရတယ်။ တလွဲအယူမှားများကြား လမ်းကြောင်းမှန်ရောက်အောင် မနည်းထိန်းခဲ့ကြရတယ်။ ပြည်ဖျက်စကားတွေယုံပြီး မိမိရင်သွေးတွေ ကျောင်းထားဖို့ မိဘတွေ စိုးရိမ်ခဲ့ကြတာကိုလည်း အပြစ်မတင်ရက်ပါဘူး။ ကျောင်းဆရာ ဆရာမတွေဟာ စာသင်ဖို့ ကြောက်လန့်ခဲ့ကြတယ်။ ဒုတိယ၊ တတိယနှစ်တွေမှာ အခြေအနေကောင်းတွေနဲ့ ပညာရေးခရီးလမ်း သာယာမယ်ကြံခါမှ အချို့သောနယ်မြေဒေသတွေမှာ စစ်မီးမွှေးသူ လက်နက်ကိုင်အုပ်စုတွေကြောင့် ကလေးတွေရဲ့ ပညာရေးလမ်းစ တစ်ပိုင်းတစ်စနဲ့ နှောင့်နှေးကြရပြန်ပါပြီ။

အဖျက်တွေမရှိခင်က စိုပြည်စည်ပင်ခဲ့တဲ့ ကျောင်းပရဝဏ်တွေမှာ စာသင်ပျော်နေကြတဲ့ ကျောင်းသားတွေရဲ့ အပျော်မျက်နှာတွေမှာ အမှောင်ဖုံးခဲ့ရပြီ။ ဘဝလှေကားထစ်တွေ တစ်ဆင့်ချင်း ဖြည်းဖြည်းချင်းတက်နေတဲ့ သူတို့လေးတွေရဲ့ အနာဂတ် အဖျက်သမားတွေကြောင့် ရည်မှန်းချက်မပြည့်နိုင်ကြတော့ပါ။ အဖျက်မျိုးစုံနဲ့ အဖျက်သမားပေါင်းစုံဟာ ပညာတတ်ကို ကြောက်တဲ့အတွက် လူမိုက်နဲ့ပညာဟာ အတူမနေဘူးဆိုတာ မှန်လိုက်တာ၊ ပညာကိုကြောက်တဲ့ အဖျက်သမားရဲ့ သရုပ်မှန်က ဒါပါပဲ။ ကလေးတွေကျောင်းမတက်ရင်၊ လူငယ်တွေပညာမတတ်ရင် အဖျက်သမားဆိုတဲ့ မိစ္ဆာအမျိုးက ပိုကြိုက်တာပေါ့။ အဖျက်သမားဆိုတာ ယနေ့လူငယ်တွေမှာ ပညာတွေတတ်ပြီး အမှားအမှန် ဝေဖန်ပိုင်းခြားတတ်သွားမှာ အလွန်ကြောက်ပါတယ်။

အကြောင်းအကျိုး၊ အကောင်းအဆိုး ခွဲခြားနိုင်သွားမှာ သူတို့မလိုလားဘူး။ ဒါကြောင့် ကလေးတွေ ပညာမသင်နိုင်အောင်ဖျက်ကြတယ်၊ မိဘတွေ ကျောင်းမထားနိုင်အောင် ဝါဒမှိုင်းရိုက်သွင်းတယ်၊ ဆရာ ဆရာမတွေ စာမသင်နိုင်အောင် အကြောက်တရားနဲ့ နှိပ်ကွပ်ပြတယ်။ ဒါတွေဟာ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတစ်ခုကို ပညာမပြည့်ဝအောင် လုပ်ခြင်းဖြင့် လူမိုက်ဇာတ်သွင်းလိုက်ခြင်းပါပဲ။ ဒါတွေကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ဖို့ လိုပါတယ်။



## ပညာမပြည့်ဝခြင်းရဲ့ နောက်ဆက်တွဲ အဆိုးသံသရာမှာ

ပညာမပြည့်ဝခြင်းရဲ့ နောက်ဆက်တွဲအဆိုးတွေက အင်မတန် ကြောက်စရာကောင်းပါတယ်။ ပညာနည်းတော့ အသိအလိမ္မာအားနည်းလာမယ်၊ အဖျက်လုပ်ရပ်ဘက် ဦးတည်သွားမယ်၊ အဖျက်လုပ်ရပ်တွေကြောင့် ဖွံ့ဖြိုးမှုမှာအားနည်းလာပြီး ပညာမသင်နိုင်ဖြစ်ရပြန်တယ်။ ဒါကြောင့် ပညာနဲ့ အဖျက်ဟာ The vicious circle (စက်ဝိုင်းပမာ) ဂျာအေးသူ့အမေရိုက် ရှန်းမထွက်နိုင်တဲ့ ဝဲဩဃမှာ ချာချာလည်နေမှာပဲ။ အဆိုးသံသရာဟာ ရှည်သွားရင် ဖြတ်ရအလွန်ခက်ပါတယ်။ ဖြတ်နိုင်တာကလည်း ပညာအရာတစ်ခုပါပဲ။

ပညာနည်းတဲ့မိသားစု၊ လူ့အဖွဲ့အစည်းရဲ့အခြေအနေဟာ အလွန်ကြမ်းတမ်း ခက်ထန်ပါတယ်။ ဆင်းဆင်းရဲရဲနဲ့ ပူပင်သောကများရတယ်။ ပတ်ဝန်းကျင်မှာ မျက်နှာငယ်ရတယ်။ အားလုံးဟာ ဒုက္ခနဲ့ချည်းကြုံရတယ်၊ သူ့အကြောင်းနဲ့သူ၊ သူ့အကျိုးနဲ့သူပေါ့၊ ခေတ်ကာလအရ အခုအချိန်မှာ ပညာသင်ဖို့၊ ပညာရဖို့ဆိုတာက အင်မတန်ခက်ပါတယ်။ တချို့ဒေသတွေမှာ စစ်ကြောင့် အဖေအမေမဲ့သွားတဲ့ ကလေးသူငယ်တွေရှိနေတယ်။ အကြောက်တရားနဲ့ လွှမ်းမိုးခံထားရလို့ ကျောင်းထားရမှာကြောက်နေတဲ့ မိဘတွေ၊ စာသင်ရမှာ ကြောက်နေတဲ့ ဆရာ ဆရာမတွေ ရှိနေပါသေးတယ်။ ဒါပေမဲ့ ယခုလို အဆိုးလောကဓံတွေကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း ရှေ့သို့ချီနိုင်ဖို့ နည်းလမ်းလည်း ရှာကြံရမှာပဲ။ နိုင်ငံတော်၊ ဆရာ၊ မိဘ၊ ကျောင်းသား သူ့အထွာနဲ့သူ နည်းလမ်းတွေရှာကြံပြီး တတ်နိုင်သမျှ လုပ်ပေးရမှာပဲ။

ပညာနည်းတဲ့မိသားစု၊ လူ့အဖွဲ့အစည်းရဲ့အခြေအနေဟာ အလွန်ကြမ်းတမ်း ခက်ထန်ပါတယ်။ ဆင်းဆင်းရဲရဲနဲ့ ပူပင်သောက များရတယ်။ ပတ်ဝန်းကျင်မှာ မျက်နှာငယ်ရတယ်။ အားလုံးဟာ ဒုက္ခနဲ့ချည်းကြုံရတယ်၊ သူ့အကြောင်းနဲ့သူ၊ သူ့အကျိုးနဲ့သူပေါ့၊ ခေတ်ကာလအရ အခုအချိန်မှာ ပညာသင်ဖို့၊ ပညာရဖို့ဆိုတာက အင်မတန်ခက်ပါတယ်။ တချို့ဒေသတွေမှာ စစ်ကြောင့် အဖေအမေမဲ့သွားတဲ့ ကလေးသူငယ်တွေရှိနေတယ်။ အကြောက်တရားနဲ့လွှမ်းမိုးခံထားရလို့ ကျောင်းထားရမှာ ကြောက်နေတဲ့မိဘတွေ၊ စာသင်ရမှာကြောက်နေတဲ့ ဆရာ ဆရာမတွေ ရှိနေပါသေးတယ်။ ဒါပေမဲ့ ယခုလို အဆိုးလောကဓံတွေကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း ရှေ့သို့ချီနိုင်ဖို့ နည်းလမ်းလည်း ရှာကြံရမှာပဲ။ နိုင်ငံတော်၊ ဆရာ၊ မိဘ၊ ကျောင်းသား သူ့အထွာနဲ့သူ နည်းလမ်းတွေရှာကြံပြီး တတ်နိုင်သမျှ လုပ်ပေးရမှာပဲ

## မိဘတွေဘက်ကလည်း

အဓိကက ကာယကံရှင် မိဘတွေ၊ ကျောင်းသားတွေကိုယ်တိုင်က ပညာရှာလိုစိတ်နဲ့ ပညာတတ်ဖြစ်ချင်စိတ်ပါ။ အထူးသဖြင့် ကိုယ့်သားသမီး နောင်ရေးကြည့်ပြီး မိဘတွေဘက်ကလည်း မတွေဝေစေချင်ဘူး။ ကိုယ့်သားသမီးကို ရတနာတစ်ပါးလို၊ ပန်းတစ်ပွင့်လို တန်ဖိုးထားတတ်ရင် ဒီနေရာမှာ ဒီလိုစကားတွေ အထူးပြောစရာမရှိပါဘူး။ ပညာကို တန်ဖိုးထားပြီး ပန်းလေးတွေလို ထာဝရပွင့်စေချင်တဲ့ မိဘတွေများစွာရှိသလို အဖေအမေက တတ်နိုင်ရက်နဲ့ သားသမီးက ပညာကို တန်ဖိုးမထားလေလွင့်ပြီး လမ်းမှားရောက်နေတာတွေလည်း အများကြီးရှိတယ်။ တချို့ ပညာကိုဆုံးခန်းတိုင် မသင်ကြ၊ ကောင်းကောင်းလည်းမသင်ကြဘူး။

အခုအချိန် ပညာသင်ဖို့ မလွယ်ခဲ့သူတွေဟာ နောင်ပညာမဲ့တဲ့အချိန် ဘဝရှေ့ရေး ပိုခက်တော့မှာပေါ့၊ ပညာနည်းသူနဲ့ ပညာပြည့်သူဟာ တစ်ချိန်မှာ အရည်အသွေးချင်း ကွာဟသွားတဲ့အတွက် အနာဂတ်အရေး ပိုတွေးကြစေချင်တယ်။ မိမိတို့ရင်သွေးတွေကို ပညာရှင်ထံအပ်နှံပြီး ပညာကို ရသလောက်ရှာစေချင်တယ်။ ပညာတန်ဖိုးနားလည်တဲ့မိဘတွေကသာ ပညာတတ် ပညာရှင်တွေကို မွေးထုတ်ပေးနိုင်မှာမို့ပါ။ ဒါကြောင့် မိဘကော၊ ကလေးတွေကော မိမိတို့ဘဝတွေကို မြင့်မြင့်မှန်းပြီး ပညာရေးကို မျက်ခြည်ပြတ်မခံပါနဲ့၊ မိဘတွေအနေနဲ့ မိမိတို့ကလေးတွေ တိုးတက်ဖို့အရေး ပိုတွေးပိုမြော်မြင်ပေးပါ။ အရင်ဆုံး ကျောင်းထားနိုင်အောင်၊ ကျောင်းတက်နိုင်အောင် ကြိုးစားပါ။

နေရာတိုင်းမှာ အခက်အခဲဆိုတာရှိပေမယ့် အချို့အခက်အခဲတွေကို ကိုယ့်အတွက် အားနည်းချက်ကြီး အဖြစ်မခံပါနဲ့၊ ဒီအခက်အခဲတွေကပဲ ကိုယ့်ဘက်မှာ အခွင့်အလမ်းဖြစ်လာအောင် ရှာကြည့်ပါလား။ အဓိကက အချိန်ရှိခိုက်လုံ့လစိုက်ပြီး ပညာရေးလမ်းကြောင်းတစ်ခု ပညာရေးအဆင့်တစ်ခု ပြီးမြောက်သွားစေချင်တာပါပဲ။ မိဘတွေအနေနဲ့ မိမိတို့ သားသမီးတွေကို ပညာတတ်အောင်သင်ပေးခြင်းဟာ ဒီမိသားစု ဒီဘဝအတွက်တင်မဟုတ်ပါဘူး။ သားသမီးတွေရဲ့ နောက်နောက်မျိုးဆက် နောင်ဘဝအဆက်ဆက်အထိ ကြည့်ရပါမယ်။ ကိုယ့်သားသမီးက ပညာမတတ်ခဲ့ရင် သူ့ရဲ့မျိုးဆက်လည်း ဘယ်လိုလုပ်ကောင်းနိုင်ပါတော့မလဲ။ ယနေ့ခေတ်မှာ ပညာနည်းတဲ့ အသိုင်းအဝိုင်းတစ်ခုဟာ နောက်ထပ်ပညာနည်းတဲ့ဝန်းကျင်ကိုပဲ ထပ်ဆင့်ထပ်ဆင့် ဖန်တီးပေးတတ်တယ်ဆိုတာ မြော်တွေးထားဖို့လိုပါတယ်။

## နိုင်ငံတော်နဲ့ ဆရာ ဆရာမတွေဘက်က

ပညာမတတ်ရင် ပိုပြီး ခြိမ်းခြောက်ခံရပါလိမ့်မယ်၊ သူများရဲ့ အနိုင်ကျင့်၊ အကျပ်ကိုင်တာခံရမယ်။ ဒါကြောင့် ဆရာ ဆရာမတွေဘက်က တပည့်တွေ အပေါ်မှာ စေတနာ၊ ဝါသနာ၊ အနစ်နာနဲ့ ပညာအမွေ မျှဝေပေးစေလိုတယ်။ ဆရာ ဆရာမတွေဘက်က လိုအပ်တဲ့ သင်ကြားမှုအရည်အသွေး၊ ဘာသာရပ်ဆိုင်ရာအရည်အသွေးတွေ မြင့်သည်ထက်မြင့်နေအောင် ဖြည့်ဆည်းထားရပါမယ်။ အရေးကြီးတာက ဆရာ ဆရာမတွေဟာ ကျောင်းသားတွေရဲ့ အတုယူစရာ စံနမူနာပြရှေ့ဆောင်ပုဂ္ဂိုလ်တွေဖြစ်ဖို့ လိုတာပါ။ အတွေးအခေါ် အပြောအဆို၊ အပြုအမူတွေဟာ အဂတိကင်းပြီး အရိုသေတန်နေဖို့ လိုပါတယ်။

ကျောင်းသားတွေဟာ ကျောင်းကိုခင်တွယ်နေအောင်၊ မိမိတို့ဆရာ ဆရာမတွေကို တန်ဖိုးထားချစ်မြတ်နိုးတတ်အောင် သင်ပေးပါ၊ အကျင့်စာရိတ္တနဲ့စည်းကမ်းကို ကောင်းနေအောင်၊ သဘာဝပတ်ဝန်းကျင်ကြီးကို ချစ်တတ်မြတ်နိုးတတ်အောင်၊ ဘာသာတရားကို လေးစားဂုဏ်ယူနေတတ်အောင်၊ ကျောင်းစာတွေကို လိုလိုလားလားနဲ့ လုပ်နေအောင်၊ နောက်ဆုံး ပညာကို တန်ဖိုးထား လူ့ဂုဏ်သိက္ခာတက်တဲ့အထိ The wisdom ဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ ဆရာ ဆရာမဆိုတဲ့ တန်ဖိုးဂုဏ်ဒြပ်နဲ့ ပြည့်စုံပါတယ်။

ကျွန်တော်တို့ခေတ် ကျောင်းသားအရွယ် တေဇလူငယ်၊ ရှေ့ဆောင်လူငယ်၊ လမ်းစဉ်လူငယ်တွေမှာ မိမိကိုယ်ကိုယ်၊ မိမိအတန်းကို၊ မိမိကျောင်းကို ကောင်းအောင် ကြိုးစားမည်ဆိုတဲ့ စိတ်ဓာတ်ကောင်းတွေရှိခဲ့ဖူးတယ်၊ ဒီလိုမြင့်မြတ်တဲ့ ပရဟိတစိတ်ဓာတ် နိုင်ငံချစ်စိတ်ဓာတ်တွေကို မျိုးဆက်တစ်ဆက်၊ နှစ်ဆက်တိုင်အောင် မွေးဖွားပေးခဲ့ဖူးတယ်။ ဒီလိုမြင်ကွင်းတွေကို အခုအချိန်မှာ ပြန်လည်အမှတ်ရမိတဲ့အခါ ဆရာ ဆရာမတွေအနေနဲ့ ကိုယ်မွေးထုတ်ပေးလိုက်တဲ့ ကျောင်းသားတစ်ဦးဟာ တစ်ချိန်မှာ နိုင်ငံနဲ့ လူ့အဖွဲ့အစည်းကြီးအတွက် ဘယ်လောက်တန်ဖိုးရှိတဲ့သူ ဖြစ်နေမလဲဆိုတဲ့ မျှော်မှန်းချက်နဲ့အတူ လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ပေးနေရမယ်လို့ ခံယူမိပါတယ်။

နိုင်ငံတော်ဘက်က လိုအပ်နေတာက တန်ဖိုးရှိပြီး အားကိုးရတဲ့ လူ့စွမ်းအားအရင်းအမြစ်တစ်ခုပါ။ ပညာတတ်ပြီး လိမ္မာယဉ်ကျေးတဲ့ လူငယ်စွမ်းအားထုကြီးကို လိုအပ်နေပါတယ်။ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်လည်းရှိရမယ်၊ ဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းစည်ပင်တဲ့ လူ့အဖွဲ့အစည်းတစ်ခုအတွက် အာမခံချက်ရှိမယ့် လူ့စွမ်းအားကြီးတစ်ခု၊ ဒါကြောင့် ယနေ့အချိန်အခါမှာ ဒီလိုလူငယ်တွေကို အရေးတကြီး လိုအပ်နေတာ၊ အနာဂတ်နိုင်ငံတော်ကို ဒီလိုလူငယ်တွေလက်ထဲပဲ အပ်ခဲ့ရမှာ၊ ဒါကို ယနေ့ခေတ်ခေါင်းဆောင်တွေသိတယ်။ ဒါကြောင့်လည်း နိုင်ငံတော်ဘက်က ကျောင်းတွေ ကျောင်းသားကျောင်းသူတွေကို တတ်နိုင်သမျှ ထောက်ပံ့နေတာတွေ့ရတယ်။

ကျောင်းရဲ့ဥပဓိရုပ်ကောင်းအောင်၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ် သာယာလှပနေအောင် သန့်ရှင်းရေးကအစ ဝိုင်းလုပ်ပေးနေပါတယ်။ အေးအေးချမ်းချမ်း ပညာသင်ယူနိုင်ဖို့ လုံခြုံရေးကို မပြတ်ဆောင်ရွက်ပေးနေတယ်။ ကျောင်းအုပ်နဲ့ ဆရာ ဆရာမတွေဘက်ကလည်း လိုက်နာရမယ့် အချက်တွေ ထုတ်ပြန်နေတာတွေ့ရတယ်။ အဓိကက အခကြေးငွေနဲ့ လက်ဆောင်ပစ္စည်း ကောက်ခံတာ၊ လက်ခံတာ မလုပ်မိစေဖို့နဲ့ ဘာပစ္စည်းမှ မရောင်းချဖို့ဖြစ်ပါတယ်။ ကျောင်းအပ်တာနဲ့ တစ်ပြိုင်နက် ကျောင်းသားတိုင်းကို ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံတွေ အခမဲ့ပေးနေပါပြီ။

စာမျက်နှာ ၁၁ သို့

❒ စာမျက်နှာ ၁၀ မှ

ကျောင်းသားတွေ ကျောင်းမထွက်စေဖို့နဲ့ အဆင့်ဆင့်သော ပညာခရီးလမ်းမပြတ်စေဖို့၊ ကျောင်းမှန်မှန်တက်၊ စာမှန်မှန်ကျက်ရမယ့်အပိုင်းတွေ၊ မူးယစ်ဆေး၊ ဆေးလိပ်၊ အရက်၊ ဘီယာ၊ ကွမ်းမသုံးဖို့ကအစ နေထိုင်စားသောက်မှုအလေ့အထကောင်းတွေ ပျိုးထောင်ဖို့ ကျန်းမာရေးကအစ ပြည့်ပြည့်စုံစုံ လမ်းညွှန်ချက်တွေနဲ့အတူ သိရှိလိုက်နာရမယ့်အချက်တွေဟာ ကျောင်းသားကျောင်းသူတွေအတွက် ဘဝနေထိုင်မှုပုံစံကောင်းတွေကို ရရှိစေမှာဖြစ်ပါတယ်။

ခေတ်က ပညာခေတ်။ ပညာရေးကို အားပေးနေတယ်ဆိုရင် ကျောင်းအပ်တဲ့အချိန်ကအစ တန်းတက်ပညာသင် လုပ်ငန်းစဉ်တစ်ခုလုံးဟာ အစဉ်ပြေချောမွေ့နေဖို့လည်း လိုပါတယ်။ အခြေအနေက အရေးပေါ်ကာလဖြစ်နေတယ်၊ အထူးသဖြင့် ကျောင်းသားနဲ့ မိဘဘက်က ပိုပြီးကျပ်တည်းတဲ့အခြေအနေ၊ ဒီလိုအခြေအနေတွေမှာ အဓိကအရေးကြီးတာက ပညာရေးဝန်ထမ်းနဲ့ ကိုယ့်သားသမီးကို ဘွဲ့ရပညာတတ်ဖြစ်စေချင်နေတဲ့မိဘ၊

**❝ ကျောင်းနေမြဲတဲ့ဘဝမှာ မိမိတို့ရင်သွေးတွေ၊ မိမိတို့တပည့်တွေကို ပျော်ပျော်ရွှင်ရွှင်နဲ့ ပညာသင်နိုင်အောင် မိဘ၊ ဆရာ၊ ကျောင်းသား သုံးပွင့်ဆိုင် ကိုယ်စီတာဝန်ရှိတယ်လို့ ခံယူပြီး ပူးပေါင်းဆောင်ရွက်ပေးကြရပါမယ်။ ပညာမသင်နိုင်သေးတဲ့ကလေးတွေအတွက်တော့ အခွင့်အလမ်းသစ်တွေ တစ်ချိန်မှာ ဖန်တီးပေးလာနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ ပဋိပက္ခတွေပြေလျော့လာတဲ့တစ်နေ့ ပညာရေးလမ်း မလွဲမသွေပွင့်လာမယ်လို့လည်း ယုံကြည်ချက်ရှိပါတယ်။ အမြဲတမ်းအဆိုးတွေချည်း ရှိမနေပါဘူး။ အရှုံးထဲက အမြတ်ထုတ်နိုင်မယ့်အခြေအနေတွေ ရှိလာဦးမှာပါ ❞**

ကျောင်းတက်ချင်နေတဲ့ ကျောင်းသားတွေအကြား ပူးပေါင်းဆောင်ရွက်မှုက ရှင်သန်တက်ကြွနေဖို့ ဆိုတဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ ယခုနှစ် ပညာရေးခရီးလမ်းကိုလည်း အတူလျှောက်နိုင်အောင် ကြိုးစားကြရပါမယ်။ ကျောင်းတွေမဖွင့်နိုင်သေးတဲ့ ဒေသက ကျောင်းသား ကျောင်းသူတွေအတွက်တော့ စိတ်မကောင်းစရာဖြစ်ပေမယ့် ဖွင့်နိုင်တဲ့ဒေသတွေက မိဘတွေကော၊ ကျောင်းသားတွေကော၊ ဆရာ ဆရာမတွေကောအားလုံးက အချိန်နဲ့အခြေအနေ ပေးခိုက် မိမိတို့ရနေတဲ့ အခွင့်အလမ်းတစ်ခုကိုတော့ ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်နိုင်အောင် အားထည့်စေချင်တယ်။

**ကျောင်းနေမြဲတဲ့ဘဝမှာ မိမိတို့ရင်သွေးတွေ၊** မိမိတို့တပည့်တွေကို ပျော်ပျော်ရွှင်ရွှင်နဲ့ ပညာသင်နိုင်အောင် မိဘ၊ ဆရာ၊ ကျောင်းသား သုံးပွင့်ဆိုင် ကိုယ်စီတာဝန်ရှိတယ်လို့ခံယူပြီး ပူးပေါင်းဆောင်ရွက်ပေးကြရပါမယ်။ ပညာမသင်နိုင်သေးတဲ့ ကလေးတွေအတွက်တော့ အခွင့်အလမ်းသစ်တွေ တစ်ချိန်မှာ ဖန်တီးပေးလာနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ ပဋိပက္ခတွေပြေလျော့လာတဲ့တစ်နေ့ ပညာရေးလမ်း မလွဲမသွေပွင့်လာမယ်လို့လည်း ယုံကြည်ချက်ရှိပါတယ်။ အမြဲတမ်းအဆိုးတွေချည်း ရှိမနေပါဘူး။ အရှုံးထဲက အမြတ်ထုတ်နိုင်မယ့် အခြေအနေတွေ ရှိလာဦးမှာပါ။

ဒီနေရာမှာ ခိုင်မာတဲ့စိတ်ဓာတ်နဲ့ မြဲမြံတဲ့ ဝီရိယအားတွေလိုအပ်နေသလို အဓိကအချက်က ကျွန်တော်တို့အားလုံး ပညာရဲ့ဆန့်ကျင်ဘက် မောဟအားမကြီးစေဖို့နဲ့ မောဟစေစားရာနောက်မှာ အမှောင်ပိတ်မနေဖို့က ပိုပြီးအရေးကြီးပါတယ်။ နောင်မှရတဲ့နောင်တဟာ အသုံးမဝင်ပါဘူး။ ဒါကြောင့် အရွယ်လေးကောင်းတုန်းမှာ ကျောင်းတက်ဖို့၊ ကျောင်းထားဖို့နဲ့ ပညာသင်ကြဖို့ကိုပဲ အထူးတိုက်တွန်းလိုက်ရပါတယ်။ ။

## မင်းလှ၌ မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ



**မင်းလှ မေ ၂၈**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အထက မင်းလှ (မြို့တွင်း)ကျောင်း သပြေခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်က အမှာစကားပြောကြား၍ မြို့နယ်ပညာရေးမှူးဆရာမကြီး ဒေါ်မြင့်မြင့်အေးက မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ကပေးအပ်လှူဒါန်းသောအခမဲ့ကျောင်းသုံးပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျောင်းအုပ်ကြီးများထံ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။ မြို့နယ်(ပြန်/ဆက်)



## ဇေယျာသီရိမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အဆင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျောက်ချက်အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ဇေယျာသီရိခရိုင်ပညာရေးမှူး ဦးရဲသူရခင်စိုးက အမှာစကား ပြောကြားခဲ့သည်။ ယင်းနောက် ဇေယျာသီရိခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်လွင်နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ကျောင်းအုပ် ဆရာ ဆရာမများထံ ပေးအပ်ခဲ့သည်။

ထွန်းလင်း(ဇေယျာမြေ)

## ရန်ကင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးအခမ်းအနားကျင်းပ




**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေး ကျောင်းအပ်နှံရေးအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**ထောက်ပံ့ပေးအပ်**

အခမ်းအနားတွင် ရန်ကင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းလတ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်ဝင်းရည်မွန်က ကျောင်းအပ်နှံရေး သီတင်းပတ်အကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရန်ကင်းမြို့နယ်အခြေခံပညာကျောင်းများအတွက် နိုင်ငံတော်ကအခမဲ့ ထောက်ပံ့ပေးအပ်သော ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်များနှင့် ခဲတံ၊ ဘောပင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

## တောင်ငူမြို့ အထက (၁)၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ




**တောင်ငူ မေ ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

**ထောက်ပံ့ပေးအပ်**

ဦးစွာ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး နော်ဖောဇာအေးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး နော်ဖောဇာအေးနှင့် ကျောင်းအကျိုးတော်ဆောင်များက မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများအား ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံများနှင့် ကျောင်းဝတ်စုံများအခမဲ့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် မေ ၂၈**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်း တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ၂၀၂၄ ခုနှစ် မိုးရာသီ (အကြို) သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်



ကော့သောင်း မေ ၂၈

မိုးရာသီ(အကြို)စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၇ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ရွှေပြည်စိုးကျေးရွာ ကော့သောင်းဂေါက်ကလပ်ဧရိယာအတွင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီး ဝန်ကြီးများက တက်ရောက်လာကြသည့် ဌာနဆိုင်ရာ၊ အသင်းအဖွဲ့များအား ပျိုးပင်များဖြန့်ဝေပေးခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက သတ်မှတ်ထားသည့် နေရာများတွင် သစ်ပင်များအား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းစိုက်ပျိုးကြကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ မိုးရာသီ(အကြို)သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်တစ်ပင်၊ မဟော်ဂနီ ၁၀၃ ပင်၊ ပျဉ်းကတိုး ၁၀၄ ပင်၊ မန်ကျည်းရှားပင် ၃၂၀၊ သက်န်း ၃၂ ပင်ဖြင့် စုစုပေါင်း ၅၆၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မြစ်ကြီးနားမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အကြိုလှုပ်ရှားမှုအဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုး

မြစ်ကြီးနား မေ ၂၈

၂၀၂၄ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အကြိုလှုပ်ရှားမှုအဖြစ် ကချင်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ခိုင်စိုးနှင့် အရာထမ်း/အမှုထမ်းများ၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျောင်းဝင်းအတွင်း ဒေသရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းသည့် ခရေ၊ ပိတောက်၊ ယင်းမာ၊ ကျွန်း၊ မဲဇလီ၊ မန်ကျည်းရှား စသည့် နှစ်ရှည်ပင် အမျိုးအစားပျိုးပင် စုစုပေါင်း ၁၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

ဖြန့်ဝေပေး

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဝန်ထမ်းများက အခမ်းအနားသို့ တက်ရောက်လာသူများအား ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သော "သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ် ခံနိုင်ရေး မြေယာ ပြန်လည်ပြုပြင်ပေး" ခေါင်းစဉ်ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

ပြည်နယ်(ပြန်/ဆက်)

# လပွတ္တာမြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

လပွတ္တာ မေ ၂၈

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် လပွတ္တာ-သဃ်န်းကြီးသွားကားလမ်း မိုင်တိုင်အမှတ်(၃/၃)မှ (၃/၇)တွင် ကျင်းပသည်။

ဦးစွာ လပွတ္တာမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးငြိမ်းချမ်းက ပျိုးပင်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့အား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၇၀ ခန့် တက်ရောက်ကြပြီး မန်ကျည်းရှားပင် ၁၁၄၀၊ မဟော်ဂနီ ၁၀ ပင်၊ ခရေ ၁၀ ပင်၊ ယူကလစ် ၁၀ ပင်၊ စိန်ပန်း ၁၀ ပင်၊ ပျဉ်းကတိုး ၁၀ ပင်၊ ကျွန်း ၁၀ ပင် စုစုပေါင်း ပျိုးပင်ပေါင်း ၁၂၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မူမူ



# ပန်းတနော်မြို့၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



ပန်းတနော် မေ ၂၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာနက ၂၀၂၄ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ဂုံမင်းကျေးရွာ တောရဘုန်းကြီးကျောင်းဝင်း၌ စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးအောင်မျိုးနှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းအေးချမ်းဇွန်၊ သစ်တောဦးစီးဌာန မြို့နယ်တာဝန်ခံ (တောအုပ်) ဦးသန့်ဇင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၂၀၀ ခန့်တို့က မန်ကျည်းရှားပင် ၁၀၀ ၊ မဟော်ဂနီပင် ၁၀၀၊ ကျွန်းပင် ၁၀၀၊ ယူကလစ်ပင် ၅၀၊ စိန်ပန်းပင် ၅၀ စုစုပေါင်း အပင် ၄၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ ဆက်)

# ရေးမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရေး မေ ၂၈

မွန်ပြည်နယ် ရေးမြို့နယ် သစ်တောဦးစီးဌာန၏ အစီအစဉ်ဖြင့် မြို့နယ်အားကစားကွင်း သီရိခေမာရပ်ကွက်၌ ယနေ့နံနက်ပိုင်းက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပသည်။

တက်ရောက်

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းမင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုဦး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်လာသူများက စုပေါင်း၍ ကျွန်းပင် ၅၀၊ ပျဉ်းကတိုးပင် ၅၀၊ မဟော်ဂနီပင် ၁၅၀၊ မန်ကျည်းရှားပင် ၂၅၀၊ စုစုပေါင်းပျိုးပင် ၅၀၀ ကို စနစ်တကျ စိုက်ပျိုးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ရေဖြူမြို့နယ်၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရေဖြူ မေ ၂၈

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်၏ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၁၀ နာရီက ရေဖြူမြို့ (က)ရပ်ကွက် စည်ပင်သာယာရေး မြေအတွင်း မြို့နယ်သစ်တောဦးစီးဌာနက စီစဉ်ကျင်းပသည်။

စုပေါင်း သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇင်လင်းနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးနိုင်လင်းအောင်တို့က စိုက်ပျိုးမည့် အပင်များကို ပေးအပ်ရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူ ၁၂၀ တို့က လက်ခံရယူပြီး သတ်မှတ်နေရာများ၌ ပျဉ်းကတိုးပင် ၁၅၀၊ ခရေပင် ၅၀ နှင့် မဲဇလီပင် ၅၀၊ မန်ကျည်းရှားပင် ၁၀၀၊ စိန်ပန်းပင် ၅၀ ပျိုးပင်ပေါင်း ၄၀၀ကျော်တို့ကို စနစ်တကျ စုပေါင်းစိုက်ပျိုးကြသည်။

ခတ္တာ(ရေဖြူ)



# ဂါဇာတောင်ပိုင်းရှိ ရာဖာမြို့အတွင်းသို့ အစ္စရေးတပ်ဖွဲ့ ချီတက်တိုက်ခိုက်



**ဂျေရုဆလင် မေ ၂၈**

အစ္စရေးတပ်ဖွဲ့သည် ဂါဇာတောင်ပိုင်းရှိ ရာဖာမြို့အတွင်းသို့ ချီတက်ခဲ့ရာတွင် ပါလက်စတိုင်း စစ်သွေးကြွများနှင့် တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

မြေပြင်ထိုးစစ်ချဲ့ထွင်သည့်အနေဖြင့် အစ္စရေး တပ်ဖွဲ့ဝင်များနှင့် တင့်ကားများသည် ရာဖာမြို့အတွင်းသို့ ဝင်ရောက်လာပြီး ဟားမတ်စ်စစ်သွေးကြွများအား တိုက်ခိုက်နေကြောင်း သိရသည်။ အစ္စရေး တပ်ဖွဲ့ဝင်များသည် ရာဖာမြို့သို့ဝင်ရောက်လာပြီး လမ်းတစ်လျှောက်ရှိ ဒေသခံများကို ပစ်မှတ်ထား တိုက်ခိုက်နေကြောင်း မျက်မြင်သက်သေများက ထပ်လောင်းပြောကြားသည်။ အစ္စရေးတပ်ဖွဲ့ဝင်များသည် ရာဖာမြို့လယ်ရှိ ရှာဗိုယာဒုက္ခသည် စခန်းအတွင်း ခိုအောင်းနေသည့် စစ်သွေးကြွများကို တိုက်ခိုက်ခဲ့ပြီး ရန်သူများခိုအောင်းနိုင်သည့် တူးမြောင်းများကို ရှာဖွေတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

**နေရပ်စွန့်ခွာထွက်ပြေးခဲ့ရ**

ရာနှင့်ချီသော ဒေသခံများသည် ယနေ့နံနက် အစောပိုင်းမှစတင်၍ မြို့အနောက်ဘက်ဒေသများမှနေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည်။ ရာဖာနယ်စပ်ဖြတ်ကျော်စခန်းပါလက်စတိုင်းဘက်ခြမ်းကို အစ္စရေးစစ်တပ်က မေ ၇ ရက်တွင် ထိန်းချုပ်ကြောင်းကြေညာခဲ့သည်။ ထို့အပြင် ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် အလုပ်အကိုင်များဆိုင်ရာ အေဂျင်စီက အစ္စရေး၏ ဗုံးကြဲမှုကြောင့် လွန်ခဲ့သည့် သီတင်းသုံးပတ်အတွင်း လူတစ်သန်းနီးပါး ရာဖာမြို့မှ ထွက်ပြေးခဲ့ရကြောင်း လူမှုကွန်ရက်အိပ်စ်တွင် ပြောကြားခဲ့သည်။ အစ္စရေးသည် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်အဖွဲ့ကို ယမန်နှစ်အောက်တိုဘာ ၇ရက်မှစတင်၍ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်း ၃၆၀၀၀ ကျော် သေဆုံးခဲ့ရကြောင်း ကျန်းမာရေးအာဏာပိုင်များကပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# မိုးခေါင်ရေရှားမှုကာကွယ်ရေးအတွက် အင်ဒိုနီးရှားဆောင်ရွက်မည်



**ဂျကာတာ မေ ၂၈**

အင်ဒိုနီးရှားနိုင်ငံ ဒေသအချို့တွင် ပူပြင်းခြောက်သွေ့သည့် ရာသီဥတုအခြေအနေများဖြစ်ပေါ်နေကာ မိုးခေါင်ရေရှားမှုများ ဖြစ်ပွားနိုင်သဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေကြောင်း မိုးလေဝသဌာနက ယနေ့ ပြောကြားသည်။

**ခြောက်သွေ့ရာသီဝင်ရောက်**

ယိုယာဂါတာဒေသ၊ အနောက်ဂျာဗား၊ ရီရူ၊ မြောက်ဆူမားတြားနှင့် အာချေးဒေသများတွင် ခြောက်သွေ့သည့်ရာသီဝင်ရောက်လာနေသည်ဟု မိုးလေဝသဌာန တာဝန်ရှိသူ ဒီဝီကို ယီတာက ပြောကြားသည်။ ထို့ပြင် ဂျာဗား၊ ဘာလီနှင့် နိုင်ငံအရှေ့တောင်ပိုင်းဒေသများတွင် မိုးခေါင်မှုဖြစ်ပွားခဲ့သည်မှာ ရက် ၂၀ခန့် ရှိပြီဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း စက်တင်ဘာလအထိ မိုးခေါင်ရေရှားမှု ဖြစ်ပွားနိုင်သဖြင့် လိုအပ်သည့်အစီအမံများ ဆောင်ရွက်ထားရှိရေးအတွက် ၎င်းက ညွှန်ကြားခဲ့သည်။ မိုးခေါင်ရေရှားမှုဖြစ်ပွားမည့် ဒေသများရှိ ဆည်များအား ရေဖြည့်ထားရေးအတွက် နည်းပညာဖြင့် ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဟိုက်ဒရိုဂျင်ဓာတ်ငွေ့သုံးကားများအား တိုယိုတာကုမ္ပဏီအဆင့်မြှင့်တင် ထုတ်လုပ်

**တိုကျို မေ ၂၈**

တိုယိုတာကားကုမ္ပဏီသည် ၎င်းထုတ်လုပ်သည့် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ရည်သုံးကားဖြင့် နိုင်ငံ၏ကာဗွန်ဓာတ်ငွေ့ကင်းစင်ရေး ရည်မှန်းချက်ကို အောင်မြင်စေရေး ဆောင်ရွက်ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

ယင်းကား၏ဆီတိုင်ကီကို ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ရည် အများအပြား ဝင်ဆံ့စေရေးပြုပြင်ခဲ့ပြီး ခရီးအကွာအဝေးပိုမိုသွားလာနိုင်ရန် တိုယိုတာက ကြိုးပမ်းခဲ့သည်။ ဆီတိုင်ကီကို ဆလင်ဒါပုံသဏ္ဍာန်မှ ဘဲဥပုံသို့ ပြောင်းလဲခဲ့သည်။

ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ရည်သုံး ကားများသည် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှုမရှိကြောင်း သိရသည်။ ကား၏ ဆီတိုင်ကီထဲတွင် ဟိုက်ဒရိုဂျင် ၁၅ ကီလိုဂရမ်ထည့်ထားပါက ကီလိုမီတာ ၁၄၀ အထိ ခရီးသွားနိုင်သည်။ ထို့ပြင်ကား၏ အင်ဂျင်ခန်းထဲတွင် ပတ်ဝန်းကျင်လေထုမှကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူနိုင်သည့် ကိရိယာတပ်ဆင်ထားသည်။ ယနေ့ခေတ်တွင် ကာဗွန်ကင်းစင်ရေးဆောင်ရွက်နေသဖြင့် ခေတ်နှင့် လိုက်လျောညီထွေရှိသည့် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ရည်သုံးကားကို တိုယိုတာက တီထွင်ခဲ့ကြောင်း တိုယိုတာကုမ္ပဏီအကြီးအကဲ တိုယိုဒါ အေကီအိုက ပြောကြားခဲ့သည်။ တိုယိုတာသည် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့သုံးကားများကို စွမ်းဆောင်ရည်မြှင့်တင်ပြီး ဈေးကွက်တွင် တင်ပို့နိုင်ရန် ဆောင်ရွက်နေသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**



# ဂျပန်နိုင်ငံတိုကျိုမြို့တွင် ဉာဏ်ရည်တုနည်းပညာအသုံးပြု၍ ကွန်ပျူတာဗိုင်းရပ်စ်ဖန်တီးခဲ့သူကို ဖမ်းဆီး

**တိုကျို မေ ၂၈**

ဂျပန်နိုင်ငံတိုကျိုမြို့တွင် ဉာဏ်ရည်တုနည်းပညာအသုံးပြု၍ ကွန်ပျူတာဗိုင်းရပ်စ် ဖန်တီးခဲ့သည့် အသက် ၂၅ နှစ်အရွယ်ရှိ ဟာရာရှီ ရူကီ အမည်ရှိ အမျိုးသားတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

၎င်းအမျိုးသားကျူးလွန်သည့် အမှုသည် ဂျပန်နိုင်ငံတွင် ပထမဆုံး ဉာဏ်ရည်တုနည်းပညာသုံးစွဲ၍ ကွန်ပျူတာဗိုင်းရပ်စ်ဖန်တီးသည့် အမှုဖြစ်သည်။

ယင်းဗိုင်းရပ်စ်သည် ပစ်မှတ်ထားသည့် ကွန်ပျူတာ၏ အချက်အလက်များကို တရားမဝင် ဝင်ရောက်ရယူပြီး ၎င်းအချက်အလက်များကို သက်ဆိုင်ရာကွန်ပျူတာမှ ပြန်လည်ရယူရာတွင် ဒစ်ဂျစ်တယ်ငွေကြေးကို ပြန်ပေးငွေသဘောဖြင့် တောင်းခံသည်။

ယခုပြစ်မှုကျူးလွန်သူသည် ကွန်ပျူတာနည်းပညာကျွမ်းကျင်သူ မဟုတ်သော်လည်း ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အချက်အလက်များကို အင်တာနက်မှရယူပြီး ပြစ်မှုကျူးလွန်ခြင်းဖြစ်သည်။ ဉာဏ်ရည်တုနည်းပညာအား တရားမဝင်လုပ်ငန်းများတွင် အသုံးပြုနေခြင်းကြောင့် တစ်ကမ္ဘာလုံးရှိ ကွန်ပျူတာသုံးစွဲသူများစိုးရိမ်နေကြပြီး ယင်းကိစ္စကို တားမြစ်မည့်စည်းမျဉ်းများသတ်မှတ်ရန် ဂျပန်နိုင်ငံတွင် ဆွေးနွေးနေကြသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

# အိန္ဒိယနှင့် ပါကစ္စတန်တွင် အပူလှိုင်းများ ဝင်ရောက်တိုက်ခတ်



**နယူးဒေလီ မေ ၂၈**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ရာဂျစ်စသန်ပြည်နယ်တွင် အပူလှိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် ဒေသခံခြောက်ဦး သေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြည်နယ်အတွင်း အပူချိန် ၄၉ ဒီဂရီဆဲလ်စီးယပ်အထိမြင့်တက်လာချိန်တွင် ယင်းသေဆုံးမှုများဖြစ်ပွားခဲ့သည်။ ပြည်နယ်အတွင်း အပူလျှပ်ဝေဒနာခံစားရသူ ၃၆၂၂ အထိရှိလာသဖြင့် အပူဒဏ်ကို ရှောင်ရှားနေထိုင်ကြရေး ဒေသခံများအား တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။ ဒေသခံများအား အေးမြသည့် နေရာများတွင်နေထိုင်ရန်နှင့် ရေများများသောက်သုံးရန် ညွှန်ကြားခဲ့သည်။ နိုင်ငံအတွင်း အပူလှိုင်းဝင်ရောက်မှုကြောင့် နိုင်ငံသားများ၏ ကျန်းမာရေးနှင့် သက်မွေးလုပ်ငန်းများထိခိုက်ခဲ့သည်။

ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင် အပူလှိုင်းများ တိုက်ခတ်မှုကြောင့် အပူချိန်စံချိန်တင်မြင့်တက်ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

တောင်ပိုင်းဆင်းပြည်နယ်ရှိ မိုဟန်ဂျိုဒါရိုမြို့တွင် အပူချိန် ၅၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့် ဂျာကိုဗာဗက်မြို့တွင် အပူချိန် ၅၂ ဒီဂရီဆဲလ်စီးယပ် အသီးသီး မြင့်တက်ခဲ့သည်။ မြို့တော်အစ္စလာမ်မာဘတ်တွင် အပူဒဏ်ရှောင်ရှားရေးအတွက် ကျောင်းသားများအား စာသင်ချိန် လျှော့ချခဲ့သည်။ ဆင်းပြည်နယ်တွင် အပူချိန်မြင့်တက်မှုသည် ရှေ့လာမည့်သီတင်းပတ်အထိ တည်ရှိနိုင်ကြောင်း မိုးလေဝသတာဝန်ရှိသူများက ပြောကြားသည်။ ဆင်းပြည်နယ်ရှိဒေသခံများသည် အပူဒဏ်ကိုရှောင်ရှားရန် အိမ်တွင်းနေထိုင်သင့်သည်ဟု တာဝန်ရှိသူများက ထပ်လောင်းပြောကြားသည်။ ၂၀၁၅ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ အပူချိန်မြင့်တက်မှုကြောင့် ၁၂၀၀ သေဆုံးပြီး ၅၀၀၀၀ ခန့် နာမကျန်းဖြစ်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ



ပဲခူး မေ ၂၈

ပဲခူးမြို့ ဟံသာဝတီယူနိုက်တက် ဘောလုံးအားကစားကွင်း၌ မေ ၂၇ ရက် ညနေပိုင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်ငူခရိုင်ဘောလုံးအသင်းနှင့် ညောင်ပင်ခရိုင်ဘောလုံးအသင်းတို့ ဖွင့်ပွဲ ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။ ယင်းနောက် ပွဲစဉ်အတွင်း အကောင်းဆုံးဘောလုံးသမားဆုရရှိသူ တောင်ငူခရိုင်အသင်းမှ ကျောနံပါတ်(၁၀) ရဲသူရကျော်အား လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။

ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲအား မေ ၂၇ရက်မှ ဇွန် ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မေ ၂၈ ရက်တွင် ပဲခူးခရိုင်အသင်းနှင့် ပြည်ခရိုင်အသင်း၊ မေ ၂၉ ရက်တွင် နတ်တလင်းခရိုင်အသင်းနှင့် ညောင်လေးပင်ခရိုင်အသင်း၊ မေ ၃၀ ရက်တွင် သာယာဝတီခရိုင်အသင်းနှင့် ပဲခူးခရိုင်အသင်း၊ မေ ၃၁ ရက်တွင် နတ်တလင်းခရိုင်အသင်းနှင့် တောင်ငူခရိုင်အသင်း၊ ဇွန် ၁ ရက်တွင် သာယာဝတီခရိုင်အသင်းနှင့် ပြည်ခရိုင်အသင်းတို့ အုပ်စုပတ်လည် ပွဲစဉ်အဖြစ် လည်းကောင်း၊ အကြိုဗိုလ်လုပွဲအဖြစ် ဇွန် ၃ ရက်နှင့် ၄ ရက်တွင်လည်းကောင်း၊ တတိယနေရာလုပွဲအား ဇွန် ၆ ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်အား ဇွန် ၇ ရက်တွင် လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ (၁/၂၀၂၄)ကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၈

အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ဒေသဆိုင်ရာအေဂျင်စီဥက္ကဋ္ဌများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



### အတည်ပြုထုတ်ပြန်နိုင်ရေး

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ပြဋ္ဌာန်းထားသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး (SME)ဥပဒေကို အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး(MSME)ဥပဒေအဖြစ် ခေတ်နှင့် လျော်ညီအောင် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းနိုင်ရန်အတွက် ဥပဒေမူကြမ်းရေးဆွဲရေးအဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ပြီး ယခုနှစ်မကုန်မီ အတည်ပြုထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊၊

MSME လုပ်ငန်းရှင်များကို ချေးငွေများ ထုတ်ချေးရာတွင် ချေးငွေဆိုင်ရာ စံသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျစိစစ်ရွေးချယ်ပြီး ထုတ်ချေးပေးနိုင်ရေးအတွက် ချေးငွေစိစစ်ရေးအဖွဲ့များကို ဒေသဆိုင်ရာအေဂျင်စီများ၏ ကြီးကြပ်မှုအောက်တွင် ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ ထုတ်ချေးပေးမည့် ချေးငွေပမာဏသတ်မှတ်ချက်အနေဖြင့် အသေးစားလုပ်ငန်းများအတွက် ကျပ် ၁၀ သန်း၊ အငယ်စားလုပ်ငန်းများအတွက် ကျပ်သန်း ၅၀ နှင့် အလတ်စားလုပ်ငန်းများအတွက် ကျပ်သန်း ၁၀၀ ထုတ်ချေးပေးရန် သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် မေ ၁၇ ရက်အထိ MSME ချေးငွေလျှောက်ထားသူ ၁၇၅ ဦးရှိသဖြင့် ချေးငွေများ အမြန်ဆုံးထုတ်ချေးပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှတစ်ဆင့် MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ရှင်းရှင်းလင်းလင်းသိရှိပြီး လိုအပ်ချက်များကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် စနစ်တကျအကောင်အထည်ဖော်ရန်လိုအပ်သလို ဒေသဆိုင်ရာ MSME အေဂျင်စီများအချင်းချင်း ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် ဒေသဆိုင်ရာ အေဂျင်စီများ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများတင်ပြရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ မှာကြားချက်များကိုလည်းကောင်း၊ ဒေသဆိုင်ရာအေဂျင်စီဥက္ကဋ္ဌများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီအဖွဲ့ဝင်များက MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ချေးငွေများ အမြန်ဆုံးထုတ်ချေးပေးနိုင်ရေး ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးရှင်းလင်းတင်ပြပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုပ္ပားမျောက်မြီးရှည်များကိုထိန်းသိမ်းရန် လှုံ့ဆော်သည့်အနေဖြင့် လေ့လာရေးခရီးထွက်မည်

ရန်ကုန် မေ ၂၈

တစ်ကမ္ဘာလုံး၌ မြန်မာတွင်သာရှိပြီး စုစုပေါင်းခန့်မှန်းအကောင်ရေ ၃၀၀ ဝန်းကျင်သာ ကျန်ရှိတော့သည့် ပုပ္ပားမျောက်မြီးရှည်များကိုထိန်းသိမ်းရန် လှုံ့ဆော်သည့်အနေဖြင့် လေ့လာရေးခရီးထွက်မည်ဖြစ်ကြောင်း ခရီးစဉ်ကိုစီစဉ်သူ မဟာဂီရိအဖွဲ့မှ ကိုတင်ကိုမင်းထံမှ သိရသည်။



ပုပ္ပားဒေသတွင်သာ တွေ့ရှိရသည့် ရှားပါးမျိုးစိပ်မျောက်မြီးရှည်။

### ဝန်ဆောင်ခအခမဲ့ဖြင့်လေ့လာခွင့်ပေးမည်

ပုပ္ပားမျောက်မြီးရှည် လေ့လာရေးနေ့အဖြစ် ဇွန် ၄ ရက် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ပုပ္ပားတောင် ဘူမိဥယျာဉ်ဒေသက ပုပ္ပားမျောက်မြီးရှည်များကျက်စားရာ နေရာတစ်ခုစီတွင် ငါးယောက်တဖွဲ့ဖြင့် လေ့လာမည်ဖြစ်ကာ အဆိုပါလေ့လာရေးခရီးစဉ်တွင် လူ ၁၀ ဦးကို ဝန်ဆောင်ခအခမဲ့ဖြင့် လေ့လာခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

“လက်ရှိကတော့ ကျွန်တော်တို့မှာလည်းရန်ပုံငွေ နည်းတဲ့အတွက် လေ့လာရေးနေ့အဖြစ် ၁၀ ယောက်ပဲ လက်ခံထားတယ်။ ပုပ္ပားမျောက်မြီးရှည်လေးတွေ ကျက်စားရာနေရာတစ်ခုစီမှာ ငါးယောက်တစ်ဖွဲ့ လေ့လာကြပါမယ်။ စိတ်ဝင်စားမှုတော့ရှိတယ်။ ဧည့်သည်တွေကို လှုံ့ဆော်တဲ့အခါ ဒီလိုမျောက်သားရောင်းတဲ့ဟာကို မစားဖို့၊ အားမပေးဖို့၊ ဖမ်းပြီးမမွေးဖို့ သူတို့စားကျက်မြေ အင်အားနည်းနေတာတွေအတွက် သူတို့စားတဲ့သီးပင်၊ စားပင်တွေကို စိုက်တာ၊ တကယ်လို့ သူတို့စားတဲ့သီးပင်၊စားပင်တွေကိုဒေသအဖွဲ့အစည်းကနေ ခုတ်နေတယ်ဆိုရင်လည်း ဒီအပင်တွေကိုမထိအောင် ဘာလုပ်ပေးရမလဲဆိုတာမျိုး လုပ်ရမှာပါ။ ဘာလိုလဲဆိုတော့ တစ်ကမ္ဘာလုံးမှာမှ အကောင် ၃၀၀ လောက်ပဲ ကျန်တယ်။ ပြီးတော့ ရှားပါးမျိုးစိတ်ဖြစ်နေပြီး မြန်မာနိုင်ငံမှာပဲရှိတဲ့အတွက် ရည်ရွယ်ချက်ကတော့ ထိန်းသိမ်းရေးအတွက် လှုံ့ဆော်တာပါ”ဟု ကိုတင်ကိုမင်းက ပြောသည်။

ပုပ္ပားမြောက်မြီးရှည်နှင့်ပတ်သက်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာကိုကြေညာခဲ့ပြီးနောက် ထိန်းသိမ်းရန် လှုံ့ဆော်လေ့လာရေးအနေဖြင့် ပြီးခဲ့သည့်နှစ် ဇွန် ၄ ရက်တွင် ပထမဆုံးအကြိမ်အနေဖြင့် ဆောင်ရွက်ခဲ့ကာ ယခုနှစ်လာမည့်ဇွန် ၄ ရက်တွင် ဒုတိယအကြိမ်အနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုဝင်ဘာ ၁၁ ရက်ကို နှစ်စဉ် ပုပ္ပားမြောက်မြီးရှည်ထိန်းသိမ်းရေးနေ့ဟူ၍ သတ်မှတ်ဆောင်ရွက်နေကြောင်းလည်း ၎င်းကရှင်းပြသည်။

အဆိုပါ မျောက်မျိုးစိတ်များမှာ သစ်တောများပြုန်းတီးလာခြင်း၊ စိုက်ပျိုးမြေများ ချဲ့ထွင်လာခြင်းကြောင့် ကျက်စားရာဒေသများ ပျောက်ဆုံးမှုများရှိလာသကဲ့သို့ အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးမြူခြင်း၊ ဖမ်းဆီးသတ်ဖြတ်သည့်အန္တရာယ်များ ရင်ဆိုင်နေရကြောင်းလည်း ကိုတင်ကိုမင်းက ပြောသည်။

“အဓိကက အမေကိုလိုက်တယ်၊ အမေသေသွားတဲ့အချိန်မှာ ရင်ဝယ်ပိုက်ကလေးကျန်တယ်။ အဲဒါကို ရောင်းစားတာရှိတယ်။ ကျန်ခဲ့တဲ့ကလေးကိုသနားတဲ့သူတွေက သနားပြီးမွေးလိုက်ရော။ အဲဒါတွေကလည်းမမွေးသင့်တဲ့အကြောင်းရင်းပဲ။ တချို့ကကျတော့ အဲဒီလိုဝယ်တဲ့သူရှိတော့ အမဲကထပ်လိုက်ပြန်ရော၊ အဲဒါတွေလည်းမမွေးသင့်ပါဘူး။ တောထဲမှာနေတာကို တောထဲမှာပြန်လွှတ်ပေးထားတာ အကောင်းဆုံးပါပဲ”ဟု ၎င်းကပြောသည်။

**MT**

# ကောဒသမအကြိမ် သုတစုံလင်ဗုဒ္ဓဝင် နောက်ဆုံးအဆင့် ဖြေဆိုယှဉ်ပြိုင်



ရန်ကုန် မေ ၂၈

ကောဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင် နောက်ဆုံးအဆင့် ဖြေဆိုယှဉ်ပြိုင်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ အဂ္ဂသာမိ အမှူးပြုသည့်ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့ (ဗဟို) နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ ဆရာမများ၊ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများနှင့် မိဘဆွေမျိုးများ၊ အလှူရှင်များနှင့် ပရဟိတအဖွဲ့အစည်းများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဒေါက်တာပဏ္ဍိတ ဘိက္ခုဆရာတော်က အဖွင့်အမှာစကား မိန့်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့ (ဗဟို) နှစ်ထပ် ဗိမာန်တော်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်သိန်း ၃၀၀ နှင့် ကောဒသမအကြိမ် သုတစုံလင် ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲအတွက် ငွေကျပ်သိန်း ၁၅၀ တို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတ စုံလင်ဗုဒ္ဓဝင်အဖွဲ့ (ဗဟို)နာယက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်ကြား/စီမံ)(ငြိမ်း) ဦးစိန်မော်နှင့် ဘဏ္ဍာရေးမှူး ဒေါက်တာမြသီတာဆွေတင်တို့က လက်ခံရယူကြသည်။

ထို့နောက် မေ ၂၆ ရက်က ပြုလုပ်ခဲ့သည့် မဟာဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ အလယ်တန်းအဆင့်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်မှ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၏ အောင်စာရင်းကိုကြေညာ၍ နောက်ဆုံးအဆင့် ပြိုင်ပွဲဝင်ခြောက်ဦးက စကားပြောစွမ်းရည်၊ ပါဠိရေးစွမ်းရည်နှင့် သာသနာတော်ဆိုင်ရာ အထွေထွေ ဗဟုသုတ မေးခွန်းများကို ဖြေဆိုယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် အလယ်တန်း(ဖိုင်နယ်အဆင့်) ဖြေဆိုခြင်းကို ဆက်လက်ကျင်းပပြီး အလယ်တန်းအဆင့် တစ်နိုင်ငံလုံးရမှတ်အများဆုံး ၂၀ နှင့် မူလတန်းအဆင့် (စာဖြေဌာနအလိုက်) ပထမဆုရှင်တို့အား ဂုဏ်ပြုလွှာနှင့် ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အလယ်တန်းအဆင့်ပြိုင်ပွဲကြီး၏ ရလဒ်များကို ကြေညာပြီး အလယ်တန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမနှင့် ဆဋ္ဌမဆုများအပါအဝင် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၂၆ ဦးနှင့် နည်းပြများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဇော်မင်းလတ်(MNA)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၈**

အကြမ်းဖက်အုပ်စု အဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီးအစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မေ ၂၇ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Soe Ko Ko” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပဒါန်းကျေးရွာနေ စိုးကြိုင်(ခ)ကိုစိုး (၄၁) နှစ်ကို နံနက် ၁၁ နာရီခွဲတွင် ငဖဲမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၅-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၂၅ | ၂၇၀၀ | ၂၆၈၀ | ၂၆၃၅ | ၂၇၀၅ | ၂၇၁၅ | ၂၇၃၀ | ၂၆၈၅ | ၂၈၁၅ | ၂၈၄၅ | ၂၆၉၀ | ၂၇၀၅ | ၂၇၄၀ | ၂၇၃၀ | ၂၇၄၀ | ၃၁၅၀ | ၃၇၅၀ |
| 95 Ron | ၂၇၃၅ | ၂၈၁၀ | ၂၇၉၀ | ၂၇၄၀ | ၂၈၁၀ | ၂၈၂၅ | ၂၈၃၅ | ၂၇၉၀ | ၂၉၂၀ | ၂၉၅၀ | ၂၈၀၀ | ၂၈၁၅ | ၂၈၄၅ | ၂၈၃၅ | ၂၈၅၀ | ၃၂၅၅ | ၃၈၅၀ |
| HSD (500 ppm) | ၂၃၃၅ | ၂၄၁၅ | ၂၃၉၀ | ၂၃၄၅ | ၂၄၁၅ | ၂၄၂၅ | ၂၄၄၀ | ၂၃၉၅ | ၂၅၂၅ | ၂၅၅၅ | ၂၄၀၀ | ၂၄၁၅ | ၂၄၅၀ | ၂၄၄၀ | ၂၄၅၀ | ၂၈၆၀ | ၃၈၀၀ |
| HSD (50 ppm) | ၂၃၈၅ | ၂၄၆၀ | ၂၄၄၀ | ၂၃၉၀ | ၂၄၆၀ | ၂၄၇၅ | ၂၄၈၅ | ၂၄၄၀ | ၂၅၇၅ | ၂၆၀၀ | ၂၄၅၀ | ၂၄၆၅ | ၂၅၀၀ | ၂၄၈၅ | ၂၅၀၀ | ၂၉၀၅ | ၃၈၆၅ |
| HSD (10 ppm) | ၂၃၈၅ | ၂၄၆၀ | ၂၄၄၀ | ၂၃၉၀ | ၂၄၆၀ | ၂၄၇၅ | ၂၄၈၅ | ၂၄၄၀ | ၂၅၇၅ | ၂၆၀၀ | ၂၄၅၀ | ၂၄၆၅ | ၂၅၀၀ | ၂၄၈၅ | ၂၅၀၀ | ၂၉၀၅ | ၃၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၈၉ | ၂၅၇၂ |
| 95 Ron | ၂၅၉၄ | ၂၆၈၀ |
| HSD (500 ppm) | ၂၂၀၉ | ၂၂၈၂ |
| HSD (50 ppm) | ၂၂၅၅ | ၂၃၃၀ |
| HSD (10 ppm) | ၂၂၅၅ | ၂၃၃၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တွံတေးမြို့နယ်၌ သဘာဝဘေး အသိပညာပေး ဟောပြော

တွံတေး မေ ၂၈

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပိတ်စွယ်ကျေးရွာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက သဘာဝဘေးအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ပိတ်စွယ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ ပြုလုပ်သည်။

အသိပညာပေးဟောပြောဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးHကံထူးနှင့် ဝန်ထမ်းများက သဘာဝဘေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး သဘာဝဘေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**



# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကျုံပျော်ခရိုင်အတွင်းရှိ တောင်သူများထံ မျိုးစေ့၊ Drum Seeders၊ သွင်းအားစုများနှင့် ပိုက်ဆံလျှော်မျိုးစေ့ ပေးအပ်



ကျုံပျော် မေ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ကျုံပျော်မြို့ မိုးလုံလေလုံ အားကစားခန်းမအတွင်း ပြုလုပ်သည့် ကျုံပျော်ခရိုင်၏ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး၊ ရေတော်မိုးတော်ဧကအားလုံးပိုက်ဆံလျှော်ထည့်သွင်းစိုက်ပျိုးရေး၊ ကြဲခင်းစနစ်လျှော့နည်းပပျောက်ရေးအတွက် တောင်သူများထံ မျိုးစေ့၊ Drum Seeders၊ သွင်းအားစုများ၊ ပိုက်ဆံလျှော်မျိုးစေ့ ပေးအပ်ပွဲနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

**ပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် စိုက်ပျိုးရေး စံပြတိုင်းဖြစ်ပြီး ဆန်စပါးထွက်ရှိမှုတွင် မြန်မာနိုင်ငံ၏ စပါးကျီဟု တင်စားရမည်ဖြစ်ကြောင်း၊ ကျုံပျော်ခရိုင်အနေဖြင့်လည်း ဆန်နှင့် ပဲမျိုးစုံကို ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းနိုင်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီဖြင့် ဆက်လက်ကြိုးစားကြရန် တိုက်တွန်းပါကြောင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်တို့က ကျုံပျော်၊ ကျောင်းကုန်းနှင့် ရေကြည်မြို့နယ်တို့မှ တောင်သူကိုယ်စားလှယ်များထံသို့ မျိုးစေ့၊ Drum Seeders များ၊ ပိုက်ဆံလျှော်မျိုးစေ့နှင့် လယ်ယာမြေသွင်းအားစုများအား ပေးအပ်ကြရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက တောင်သူများအား ပေးအပ်မည့် Drum Seeders၊ မျိုးစေ့နှင့် သွင်းအားစုပစ္စည်းများအား ခန်းမအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေး စုစုပေါင်း ၄၁၉၆ မျိုးကို တည်ဆဲဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်

နေပြည်တော် မေ ၂၈

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၄၂)ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ပိုးသတ်ဆေး၊ပေါင်းသတ်ဆေး၊ မှိုသတ်ဆေးများနှင့်ပတ်သက်၍ သုတေသနနှင့် လူ့စွမ်းအားမြှင့်တင်ရေးလိုအပ်ချက်များ၊ ပိုးသတ်ဆေး နည်းပညာကော်မတီဝင်များက စိစစ်တင်ပြလာသော ပိုးသတ်ဆေးအမျိုးပေါင်း ၁၄၉ မျိုးအား အတည်ပြုပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးကြသည်။



ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အနေဖြင့် ပိုးသတ်ဆေး နည်းပညာကော်မတီက ပြုစုတင်ပြလာသည့် သတင်းအချက်အလက်များ စိစစ်သုံးသပ်အကြံပြုချက်များကိုအခြေခံ၍ ပိုးသတ်ဆေးမှတ်ပုံတင်ခွင့်ပြုပေးနိုင်ရန် ဆုံးဖြတ်အတည်ပြုပေးခြင်း၊ အဆိပ်ရှိပစ္စည်းနှင့်စပ်လျဉ်း၍ တင်ပြရန်လိုအပ်သော အထောက်အထားအချက်အလက်များကို သတ်မှတ်ပေးခြင်း၊ အပြည်ပြည်ဆိုင်ရာ အကြံပြုချက်များအပေါ် အခြေပြု၍ လူနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်မြင့်မားစေသော ပိုးသတ်ဆေးများကို သုံးစွဲရန် ပိတ်ပင်တားဆီးခြင်း၊ ပိုးသတ်ဆေးများကို စနစ်တကျ ကိုင်တွယ်သုံးစွဲ စွန့်ပစ်ခြင်းဆိုင်ရာများနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်မရှိစေရန် လိုအပ်သည့် အမိန့်၊ သတ်မှတ်ချက်များ၊ ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်လျက်ရှိပြီး ပိုးသတ်မှိုင်းတိုက်ခွင့်လိုင်စင်၊ ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့်လိုင်စင်နှင့်ပိုးသတ်ဆေးပြန်လည်ထုပ်ပိုးခွင့် လိုင်စင်လျှောက်ထားလာမှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပိုးသတ်ဆေးဥပဒေနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးများ အရည်အသွေးပြည့်မီစွာဖြင့် အသုံးပြုနိုင်ရေးနှင့် အတုအပများကင်းစင်ရေး၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့က ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်လျက်ရှိရာ (၄၁)ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးပြီးဆုံးသည့် ကာလအထိ ပိုးသတ်ဆေး စုစုပေါင်း ၄၁၉၆ မျိုးကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြဝတီမြို့၌ မိုးရာသီတွင်စိုက်ပျိုးရန် ကော်ဖီပျိုးပင်များနှင့် ပိုက်ဆံလျှော်မျိုးစေ့ တောင်သူများသို့ပေးအပ်

မြဝတီ မေ ၂၈

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအား ၂၀၂၄-၂၀၂၅ ခုနှစ် မိုးရာသီတွင်စိုက်ပျိုးရန်အတွက် ကော်ဖီပျိုးပင်များနှင့် ပိုက်ဆံလျှော်မျိုးစေ့များ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၌ကျင်းပသည်။

ပေးအပ်ပွဲတွင် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်နိုင်ဦး၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ရပ်ကွက်ငါးခုမှ အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာစိုက်ပျိုးရေး တောင်သူများအား စိုက်ဧက ၂၅ ဧကအတွက် ကော်ဖီပျိုးပင် ၁၀၈၈၂ ပင်နှင့် ပိုက်ဆံလျှော်မျိုးစေ့ထုပ်များကို တစ်ဦးချင်းအလိုက် ပေးအပ်သည်။



**ရှင်းလင်းပြောကြား**

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းရွှေက စိုက်ပျိုးရေး တောင်သူများအတွက် ကော်ဖီပျိုးပင်ပေးအပ်ရခြင်းနှင့် အပင် ရှင်သန်ကြီးထွားစေရန် စိုက်ပျိုးမှုပုံစံအဆင့်ဆင့်၊ ဂရုပြုရမည့်အချက်များနှင့် ပိုက်ဆံလျှော်မျိုးစေ့ အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားပေးပြီး မိသားစုဝင်ငွေတိုးစေဖို့ ကော်ဖီစိုက်ပျိုးကြပါစို့နှင့် ပိုက်ဆံလျှော်အကြောင်းသိကောင်းစရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)

# ပဲခူးမြို့၌ အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်

ပဲခူး မေ ၂၈

ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနနှင့် တိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့တို့ ပူးပေါင်း၍ ပဲခူးမြို့ရှိ ဟိုတယ်လုပ်ငန်းရှင်များနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များအား အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပခဲ့သည်။



ဦးစွာ ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူးတို့က စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက အမှိုက်စနစ်တကျ စွန့်ပစ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် ပြခန်းတွင် ပြသထားသော အမှိုက်ပုံးအမျိုးအစားလေးမျိုးအား တက်ရောက်လာသူများက ကြည့်ရှုလေ့လာခဲ့ကြပြီး အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။ အဆိုပါ အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားသို့ ပဲခူးမြို့ရှိ ဟိုတယ်လုပ်ငန်းရှင်များနှင့် စားသောက်ဆိုင်လုပ်ငန်းရှင် ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

သက်ဖြိုးကြိုင်(ပြန်/ဆက်)

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေး ရေဒီယိုဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၂၈

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေးရေဒီယို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တပ်ကုန်း(ရုံးချုပ်) Radio Dubbing Studio(1)၌ ကျင်းပရာ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူသီရိ၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း လယ်ဝေး၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ဇေယျာသီရိ၊ ကျည်တောင်ကန် အခြေခံပညာအထက်တန်းကျောင်း ပုဗ္ဗသီရိ၊ ရွှေနံ့သာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဥတ္တရသီရိတို့မှ ကျောင်းသားကျောင်းသူငါးဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ အလယ်တန်းနှင့်အထက်တန်းအဆင့် အသက် ၁၄ နှစ်မှ ၁၇ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူငါးဦးတို့က Round တစ်ခုလျှင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ ပညာရပ်မေးခွန်းနှစ်ခုနှင့် ရေဒီယိုမှ ထုတ်လွှင့်သည့် အစီအစဉ်ပိုင်းဆိုင်ရာ မေးခွန်းနှစ်ခု စုစုပေါင်း မေးခွန်းလေးခုစီဖြင့် Round လေးခုတွင် ယှဉ်ပြိုင်ဖြေဆိုကြခြင်းဖြစ်သည်။



ထိုသို့ ယှဉ်ပြိုင်ကြရာ ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပထမဆုကိုကျည်တောင်ကန် အခြေခံပညာအထက်တန်းကျောင်း ပုဗ္ဗသီရိ Grade-11 မှ မဝင့်သန္တာအောင်ကလည်းကောင်း၊ ဒုတိယဆုကို အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဇေယျာသီရိ Grade-9 မှ မကေသရီစိုးစံကလည်းကောင်း၊ တတိယဆုကို အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူသီရိ Grade-11 မှ မောင်သူရိန်ကိုဦးကလည်းကောင်း၊ အထူးဆုနှစ်ဆုကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း လယ်ဝေး Grade-8 မှ မပန်းပန်းမျိုးမြတ်မြင့်နှင့် ရွှေနံ့သာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဥတ္တရသီရိ Grade-7 မှ မောင်မင်းစစ်မှူးတို့ကလည်းကောင်း ရရှိခဲ့ကြပြီး ဆုရရှိကြသူများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသူက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေး ရေဒီယိုဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကျင်းပမှုကို မေ ၂၈ရက်နှင့် မေ ၂၉ ရက် ည မြန်မာ့အသံရေဒီယိုမှ ပြည်တွင်းသတင်းများ ကြေညာအပြီးတွင် ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းကို အများပြည်သူစိတ်ဝင်စားမှုပိုမိုရရှိပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရေး အသိပညာမျှဝေလှုံ့ဆော်ခြင်းဖြင့် လူထုလှုပ်ရှားမှု ရယူအားဖြည့်ပေးနိုင်ရေး ရည်ရွယ်ချက်များဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနက ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ပြိုင်ပွဲငါးကြိမ် ကျင်းပမည်ဖြစ်ပြီး တစ်ကြိမ်စီမှ ပထမနှင့် ဒုတိယဆုရရှိသူ နှစ်ဦးစီဖြင့် စုစုပေါင်း ၁၀ ဦးက ဩဂုတ်လ ဒုတိယပတ်အတွင်း ကျင်းပမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

○ မြန်မာ ယူ-၁၆ မှ

ယင်းခြေစမ်းပွဲကို မိနစ် ၃၀ သုံးပိုင်းခွဲ၍ ကျင်းပခြင်းဖြစ်ပြီး မြန်မာ ယူ-၁၆ အသင်းအတွက် အနိုင်ဂိုးများကို သူရမင်းသန့်က နှစ်ဂိုးနှင့် ဇော်လင်းအောင်က တစ်ဂိုးသွင်းယူခဲ့သည်။

မြန်မာ ယူ-၁၆ အသင်းသည် အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲနှင့် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲအတွက် စခန်းဝင်လေ့ကျင့်နေခြင်းဖြစ်ပြီး MNL ယူ-၂၀ လိဂ်ပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-HUFC**

---

☆ ကျောဖုံးမှ

မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၃၃ ဦးဖြင့် ဖွဲ့စည်းထားပြီး ဂျပန်အသင်းနှင့်ပွဲအတွက် ပြင်ဆင်ချိန်ကိုးရက် ရရှိမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း၏ ပထမဆုံးလေ့ကျင့်ခန်းအစီအစဉ်တွင် ကစားသမားအများစုပါဝင်ခဲ့ပြီး ပြည်ပကလပ်များတွင် ကစားနေသူအချို့သာ လာရောက်မပူးပေါင်းနိုင်သေးခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် ကစားသမားများအဖြစ် **ဂိုးသမား-** ကျော်ဇင်ဖြိုး၊ ဆန်းဆက်နိုင်၊ ပြည့်ဖြိုးသူ၊ ဇင်ညီညီအောင်၊ **နောက်တန်း-** ဟိန်းဖြိုးဝင်း၊ နန္ဒကျော်၊ ကျော်မင်းဦး၊ သက်ဟိန်းစိုး၊ ငြိမ်းချမ်း၊ ဟိန်းဇေယျာလင်း၊ ဒေးဗစ်ထန်၊ မိုးဆွေအောင်၊ စိုးမိုးကျော်၊ လတ်ဝေဘုန်း၊ ကောင်းထက်ပိုင်၊ ဖွဲခန့်မင်း၊ **အလယ်တန်း-** ခွန်ကျော်ဇင်ဟိန်း၊ အာကာကျော်၊ ဝေလင်းအောင်၊ ရန်နိုင်ဦး၊ နေမိုးနိုင်၊ ဇော်ဝင်းသိန်း၊ မြတ်ကောင်းခန့်၊ လွင်မိုးအောင်၊ ဟိန်းထက်အောင်၊ မောင်မောင်လွင်၊ **ရှေ့တန်း-** အောင်သူ၊ ဆွမ်လမန်၊ ဥက္ကာနိုင်၊ ရဲရင့်အောင်၊ ဝင်းနိုင်ထွန်း၊ အောင်ကောင်းမာန်နှင့် သန်းပိုင်တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဇွန် ၆ ရက်တွင် ဂျပန်အသင်းနှင့် အိမ်ကွင်း ဇွန် ၁၁ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

---

## ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ဘောင်များခိုင်ခံ့ရန်အတွက် ကန်ဘောင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ဘောင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**







## “ကြော်ငြာစာ”
## ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ – ၂၈၃ )
## ကျောက်ဆည်ခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေအမှုအမှတ် – ၂၄

**“ကွယ်လွန်သူ ဦးတင်လှိုင် ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့် အမှု”**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ပေါက်တောရပ်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးတင်လှိုင်၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် (၁)ဒေါ်အိရွှေလှိုင်၊ (၂)ဒေါ်စိုးစိုးလှိုင်၊ (၃)ဒေါ်မိုးမိုးလှိုင်၊ (၄)ဦးသီဟအောင်တို့က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဇွန်လ၊ (၇) ရက်၊ (၁၃၈၆ ခုနှစ်၊ နယုန်လဆန်း၊ (၁) ရက်နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးတင်လှိုင်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ ဇွန်လ၊ (၇) ရက်၊ (၁၃၈၆ ခုနှစ်၊ နယုန်လဆန်း၊ (၁) ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ–၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က (၁)ဒေါ်အိရွှေလှိုင်၊ (၂)ဒေါ်စိုးစိုးလှိုင်၊ (၃)ဒေါ်မိုးမိုးလှိုင်၊ (၄)ဦးသီဟအောင်တို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင်၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ် လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ မေလ၊ (၂၄)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုငြိမ်းမွန်)**
**ဒုတိယခရိုင်တရားသူကြီး – ၂**
**ကျောက်ဆည်ခရိုင်တရားရုံး**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၀၊ မြေကွက်အမှတ်(၁၂၃၈)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ) (၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၂၃၈)၊ အောင်မင်္ဂလာလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော အိမ်နှင့်မြေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိထားအမည်ပေါက် ပိုင်ဆိုင်သူ ဦးသိန်းဆွေ [၁၂/ရကန(နိုင်)၀၁၈၂၉၉]ထံမှ ဒေါ်ထူးထူးခင်(ခ)ခင်နန်းထူး [၁၂/မဂတ(နိုင်)၀၀၆၈၅၈]က အဆိုပါ အိမ်နှင့်မြေ တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်နှင့်မြေအရောင်းအဝယ်အတွက် ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ခိုင်မာသော ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ရုံး–အမှတ်(၅၀)စီ/၃၊ (ပ)ထပ်၊** | **ဦးလှမင်း (ပေါင်းတည်)** |
| **ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊** | **LL.B (ADVOCATE)** |
| **ရန်ကုန်မြို့၊** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း–၀၉–၅၀၃၃၁၇၂** | **(စဉ်–၅၅၅၅/၉၁)** |

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၁)၊ မြေကွက်အမှတ် (၂၆၇)၊ အကျယ်အဝန်း (၄၅ပေx ၆၀ပေ)ရှိ မြေကွက်အနက်မှ တရားဝင်ခွဲစိတ်ရခြင်းမရှိသေးသည့် မြေကွက်၏ ခြေရင်းခြမ်း၊ မြေကွက်အမှတ်(၂၆၆)နှင့် ကပ်လျက်ခြမ်း၊ အကျယ်အဝန်း (၂၅ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၆၇)၊ ရွှေသရဖီလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်မှာ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးဘုန်းမြင့်[၁၂/ဥကတ(နိုင်)၀၇၂၇၀၅]+၃ အမည်ပေါက်ပိုင်ဆိုင်ပြီး၊ ယင်းအမည်ပေါက်တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ ရယူ၍ ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဖွင့်ဟပြောဆိုဝန်ခံသူ ဒေါ်မိုဇာလှိုင် [၁၂/ဥကတ(နိုင်)၁၆၂၇၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်အိသီရိကြူ LL.B , M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၃၃)**
**ဖုန်း– ၀၉–၄၃၁၆၃၄၀၅**
**အမှတ် (၃၇)၊ အနော်ရထာလမ်း ၊ (၁၄) ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ ရာဒါကောင်း(ဘီ)၊ အမှတ် (က–၁၁၈)နေ မဘူဘွမ်းရိန်၏ ဖခင် အမည်မှန်မှာ ဦးအဝါလ်ဒီး [၁/ပတအ(နိုင်)၀၁၆၈၄၃] ဖြစ်ပါသည်။

## အမည်ပြောင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ နယ်မြေ (၁၉)၊ အမှတ် (၁၉/၁၃၃)နေ အဖ ဦးချမ်းမြေ့အောင်၏သား မောင်မြတ်ဖုန်းခေတ်အား မောင်ဘုန်းမင်းမြတ် ဟု ပြောင်းလဲခေါ်ပါရန်။

## “အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော (တောင်) ရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ် (၁၇၁) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်–၂၈–E၊ မြေကွက်အမှတ်–(၃၇၅)၊ ဧရိယာ (၀.၀၅၂) ဧကရှိ နှစ်(၃၀) မြေငှားဂရန်မြေကွက်၏ မြေအကျိုးခံစားခွင့်တို့ကို **ဦးစီမိုရ်(ခ)ဦးအောင်အောင်လွင် [၁၂/မဂတ(ဧည့်)၀၀၀၁၉၅]**မှ (၅–၃–၂၀၂၄)ရက်စွဲပါ **“မြေအကျိုးခံစားခွင့် အရောင်းအဝယ်ကတိစာချုပ်”** ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ (၃)ခန်းတွဲ (၂)ထပ်အဆောက်အဦနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ **ဦးစီမိုရ်(ခ)ဦးအောင်အောင်လွင်**မှ အိမ်လခကောက်ခံခြင်း၊ အမည်ပြောင်းခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၅၇၆၄)**
**အမှတ်– ၃၆၊ မြေညီထပ်၊ ၈၉–လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၇၈၀၀၅၄၀၆၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်း(တောင်) ရပ်ကွက်၊ မိုးမခလမ်း၊ တိုက်အမှတ် (၃၀)၊ ဒုတိယထပ်(ခြေရင်း)၊ အခန်းအမှတ် (3–B)ဟု ခေါ်တွင်သော တိုက်ခန်းအား လက်ရှိပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်ဇင်သူသူထွန်းနှင့် ဒေါ်ဇင်ငယ်ငယ်ထွန်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်မာသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရင်ကြည်ကျော် [၁၀/မလမ (နိုင်) ၁၂၁၅၂၄] နှင့်**
**ဒေါ်ခိုင်ခေဝါစိုး [၁၀/မလမ (နိုင်) ၁၉၄၉၉၈] တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးခင်မောင်သန်း** | **ဒေါ်စမ်းသီတာအေး** |
| **LL.B., D.B.L., D.M.L., D.I.L.** | **LL.B, D.B.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၅၂၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၁၈၇)** |

**အမှတ် (၄၁၀)၊ အခန်း (ဘီ–၃)၊ ငမိုးရိပ် (၆)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၅၂၁၇၂၅၄၄၊ ၀၉–၇၉၃၃၆၇၇၃၉**

## အများသိစေရန်

မန္တလေးတိုင်းဒေသကြီး ၊ မုံရွာမြို့နယ် ၊ မုံရွာနည်းပညာတက္ကသိုလ်နေ ဒေါ်ခင်မာအေး [၅/ဒပယ (နိုင်) ၀၈၈၀၇၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၄)ရပ်ကွက်၊ ခတ္တာလမ်းသွယ် (၁) လမ်း၊ အမှတ် – (ခန – ၈)ရှိ အိမ်ခြံမြေနှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ယခုပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဦးသန့်ဇင် [၁၁/စတန(နိုင်)၀၄၇၈၀၄]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်မာအေး [၅/ဒပယ(နိုင်)၀၈၈၀၇၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာအေး၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မင်းဦး** | **ဦးကောင်းမြတ်သူ** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်–၁၃၄၀၃(၂၈–၉–၂၀၁၇)** | **(စဉ်– ၁၈၃၉၆) ( ၃၁–၁၀–၂၀၂၃ )** |
| **အမှတ်–၉၆၄၊ ပြည်လမ်း၊** | **အသောကလမ်း၊ ရှမ်းစု (၁) ရပ်ကွက်၊** |
| **(၁)ရပ်ကွက်၊ မှော်ဘီမြို့။** | **မှော်ဘီမြို့။ ဖုန်း–၀၉–၄၂၀၂၁၂၈၁၁** |

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၄၁၊ မြေကွက်အမှတ်–၂၄၇၊ မြေကွက်တည်နေရာအမှတ်– ၂၄၇၊ ကြာညိုလမ်း၊ ၄၁ ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးအုန်းလှိုင် (CF–၁၄၈၃၇၈)၊ အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအားဂရန် အမည်ပေါက် ဦးအုန်းလှိုင်(ဖခင်)နှင့် ဒေါ်သန်းသန်း(မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့် ၎င်းတို့မှ မွေးဖွားသည့် သားသမီးများဖြစ်ကြသော ဒေါ်ဖြူဖြူလှိုင် [၁၄/ပသန (နိုင်) ၀၆၇၀၇၉]၊ ဦးအောင်မိုးနိုင် [၁၂/ဥကတ(နိုင်)၀၄၈၉၀၉]၊ ဦးဇော်မင်း [၁၂/ဥကတ (နိုင်) ၀၀၀၂၅၈]၊ ဦးထွန်းမင်း [၁၂/ဒဂမ (နိုင်) ၀၀၅၉၉၆]၊ ဦးထွန်းဝင်း [၆/မမန(နိုင်) ၁၅၈၄၁၀]တို့မှ ကွယ်လွန်သူ မိဘများတွင် သားသမီးအရင်းများဖြစ်ကြသော မိမိတို့မောင်နှမ (၅)ဦးသာ မွေးဖွားခဲ့ကြောင်း၊ အခြားသော သား/သမီး မွေးချင်းတစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ အမွေစားအမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခြင်း မရှိကြောင်း၊ မိဘများ ကွယ်လွန်ပြီးနောက် ၎င်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူ မိမိတို့ မောင်နှမ (၅)ဦးသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ မိဘများ၏ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်/ကတ်တို့ပူးတွဲ၍ ၎င်းတို့ (၅)ဦးအနက်မှ ကိုယ်တိုင်နှင့် ဦးထွန်းဝင်းထံမှ GP အမှတ်– ၂၃၂၇၇/၂၀၂၃၊ (၁–၁၁–၂၀၂၃)ဖြင့် ရရှိသူ ဦးထွန်းမင်းနှင့် ကျန် (၃)ဦးတို့ ပူးတွဲ၍ ပါဝါနှင့် ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြပြီး ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၂၀၁၉ ခုနှစ် ဘဏ်ချေးမြေပုံကူး လျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ ၎င်းမြေပုံမူရင်းမှာ ဘဏ်တွင် မချေးဖြစ်ဘဲ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခြင်းအား ကျမ်းကျိန်လွှာပူးတွဲ၍ ဝင်စာဖြင့် ဝန်ခံကတိပြုစာ တင်ပြလာသဖြင့် SP ဦးထွန်းမင်း+၄ မှ ပိုင်ဆိုင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

သစ်တော
မှန်
လျှင်
အသုံးဝင်
အစဉ်
ထာ
ဝ
ရ
ထိန်း
သိမ်း
ကြ

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ၅၂–လမ်း၊ အမှတ် (၂၉/၃၁) ဟုခေါ်တွင်သော (၃)ခန်းတွဲ (၆)ထပ်တိုက်အနက်မှ ၅–လွှာ(ဘီ) (တိုက်ကိုမျက်နှာမူလျှင်–ဘယ်)၊ အကျယ်အဝန်း (၁၂½'x ၆၀')ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်ကိုဦး [၁၂/သဃက(နိုင်) ၁၅၈၄၉၉]မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်စိုး [၁၂/ဒဂတ(နိုင်)၁၂၂၆၂၇]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်မာမာသိန်း (LL.B)** | **ဒေါ်နီနီဝင်း(LL.B)** | **ဦးထွန်းသူအောင်(LL.B)** |
| **(စဉ်–၈၇၉၂)** | **(စဉ်–၅၁၇၁၈)** | **(စဉ်– ၅၅၇၆၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေများ** | |

**အမှတ်– ၃၆၊ မြေညီထပ်၊ ၈၉–လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၅၀၈၈၆၀၅၊ ၀၉– ၅၀၆၄၉၅၉**

## သွာနုတ္တသမီးအဖြစ် သတ်မှတ်ပြီး
## အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

၁။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကင်မွန်းချောင်းကျေးရွာနေ ဒေါ်လှသန်း [၁၀/ကထန(နိုင်) ၀၃၂၆၇၁]၏ သမီးဖြစ်သူ မချိုမာ [၁၀/ကထန(နိုင်)၀၈၇၄၅၈]သည် မိခင်ဖြစ်သူအား လူမှုရေးကိစ္စများအတွက် မိဘ၏အရှက်နှင့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိခင်ဖြစ်သူအား ရန်သူသဖွယ် ပြုမူနေသည့်အပြင် ဂုဏ်သိက္ခာကျဆင်းစေရန် အကြိမ်ကြိမ်ပြုမူနေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၂။ မချိုမာသည် မိသားစုနှင့်မသက်ဆိုင်သောသူအဖြစ် သတ်မှတ်ကြေညာပြီးဖြစ်ပါ၍ နောက်နောင် မိခင်၏ဂုဏ်သိက္ခာကျဆင်းစေရန် ထပ်မံပြုမူဆောင်ရွက်ခဲ့ပါက သက်ဆိုင်ရာဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း မိခင်၏ လွှဲအပ်ညွှန်ကြားချက်ဖြင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မိခင်ဖြစ်သူဒေါ်လှသန်း[၁၀/ကထန(နိုင်) ၀၃၂၆၇၁]၏ လွှဲအပ်ချက်အရ**
**ဒေါ်စပယ်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၀၅၃၇/၃၀–၄–၂၀၁၅)**
**အမှတ်(၁၁၅)၊ အောင်သပြေ (၃)လမ်း၊ ကံ့ကော်ရပ်ကွက်၊**
**ကျိုက်ထိုမြို့၊ မွန်ပြည်နယ်။**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေကွက်အမှတ်(၅၃၆)၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား ၄၀ x အနံ ၆၀)ပေရှိ နှစ်(၆၀)ဂရန် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးခင်ညို [၁၂/သကတ(နိုင်)၀၀၄၀၆၃] အမည်ပေါက်ဖြင့်တည်ရှိပြီးယင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦ အပါအဝင် ရေ၊ မီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးခင်ညို [၁၂/သကတ(နိုင်)၀၀၄၀၆၃]ထံမှ ဒေါ်စုလိုကျန်ဒေဗီ [၉/မရမ(နိုင်)၀၃၇၀၂၇] မှ လက်ရောက်ဝယ်ယူခဲ့ပြီး ဖြစ်ပါ၍ ယင်းမြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၎င်းနှင့် ၎င်း၏ ခင်ပွန်းဖြစ်သူ ဦးဆွန်ဒါးကူးမား [၉/မရမ(နိုင်) ၀၃၇၀၂၈]တို့နှစ်ဦးသာလျှင် လက်ရောက်ပိုင်ဆိုင်၍ ၎င်းတို့နှစ်ဦးသာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း၊ ၎င်းတို့နှစ်ဦး၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်း ရောင်းချ ပေါင်နှံခွင့် မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကေရီကျော်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၈၃၉၄)**
**အမှတ်(၇)၊ မြို့ပြအင်ဂျင်နီယာဝင်း၊ ဆန်စက်လမ်း၊ ရွာမအနောက်ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၇၅၀၀၈၅၀၅၁၊ ၀၉–၇၇၃၈၅၀၈၈၉**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၂၀)၊ လူနေရပ်ကွက်အမှတ်–(၆/၁)၊ မေခလမ်း၊ မြေကွက်အမှတ်–(၁၃၅/က)၊ ဦးသောင်းရွှေ အမည်ပေါက်နှစ်(၆၀)ဂရန်ထွက်ရှိထားသော အကျယ်ပေ–(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံပါလူနေအိမ်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ်စာချုပ် အဆက်ဆက်ဖြင့်ဝယ်ယူ၍ ၎င်းမှသာ လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုလွှဲပြောင်းရောင်းချသူ ဒေါ်လှချောစု [၁၂/မရက (နိုင်) ၁၆၄၄၂၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝင်းခိုင် [၁၄/မမန(နိုင်)၁၄၆၇၈၄] မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေအရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့်မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်–၅၀၄၄၆)**
**အမှတ်–(၉၃)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၉၆၃၆၄၄၅၁၇**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄) ရပ်ကွက်၊ ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်၊ တော်ဝင်သီရိကွန်ဒိုဟုခေါ်တွင်သည့် အဆောက်အဦရှိ အခန်းအမှတ်-C 515 ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းသူဖြစ်သည့် ဒေါ်နန်းစံဟွမ် [၁၃/မတန(နိုင်)၀၀၈၃၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကွန်ဒိုတိုက်ခန်းနှင့် အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီတာအုန်း တရားလွှတ်တော်ရှေ့နေ(စဥ်-၆၃၀၇)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၅၁) လမ်းနှင့် (၅၂) လမ်းကြား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၆၀၆၀၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အုပ်စု (၃)၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်-၈/၄၉၊ (၁၂ ပေ x ၉၀ ပေ) အကျယ်အဝန်းရှိ ဥယျာဉ်ခြံမြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ပိုင်ဆိုင်သူ BEE SANG (ခ)မစိန် (ခ) ဒေါ်သန်းသန်းဆင့် [၁၂/အစန(ပြု) ၀၀၀၁၉၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဥ်း၍ နစ်နာမှုတစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးသူရအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၇၁၄၈)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၁၁၃၂၁၁**

## အများသိစေရန်ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ မြေကွက်အမှတ် ၁/က- ၇၊ မြေကွက်တည်နေရာအမှတ် (၂)၊ ဝေဇယန္တာလမ်း၊ ငွေကြာရံရိပ်သာ၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးကျော်ထိန် [၁၂/ဥကတ(နိုင်)၀၀၅၉၃၈] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမည်ပေါက် ဦးကျော်ထိန် ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၅၃၈၇/(၉-၆-၂၀၂၃) ဖြင့်ရရှိသူဒေါ်ရီရီဝင်း[၁၂/ဥကတ(နိုင်)၀၀၅၁၉၀] ၏ GP ဒေါ်နီလာကျော်[၁၂/ဥကတ(နိုင်)၀၄၈၃၂၂] မှ နှစ် (၆၀) ဂရန်မူရင်း ပျောက်ဆုံးကြောင်း ရပ်ကွက်/မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံကတိ၊ ပါဝါကျမ်းကျိန်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ မူလဂရန် (၃-၅-၉၀) ရက်နေ့တွင် ထုတ်ပေးထားသည့် ဦးကျော်ထိန် [၁၂/ဥကတ(နိုင်) ၀၀၅၉၃၈]အမည်ပေါက်နှစ် (၆၀)မြေငှားဂရန် စာချုပ်အမှတ် (တဥ-၈/၉၀) မူရင်းစာအုပ်အား ဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ မစိုးရိမ်ကျောင်းလမ်း၊ မေတ္တာညွှန့်အိမ်ရာ၊ တိုက် (၄)၊ (၆)လွှာနေ (ဦးဆန်းညွှန့်)နှင့် ဒေါ်သီသီမိုးတို့၏သားဖြစ်သူ မောင်ဘုန်းမြတ်ဆန်းညွှန့် [၁၂/တမန(နိုင်) ၁၃၇၃၈၆]သည် မိခင်ဖြစ်သူ ဒေါ်သီသီမိုး၏ဆိုဆုံးမမှုအား နာခံခြင်း မရှိဘဲ ၎င်း၏သဘောဆန္ဒဖြင့် အရာရာပြုလုပ်နေပါသဖြင့် မောင်ဘုန်းမြတ်ဆန်းညွှန့်အား(ဦးဆန်းညွှန့်)နှင့် ဒေါ်သီသီမိုးတို့၏သားအဖြစ်မှ ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် မောင်ဘုန်းမြတ်ဆန်းညွှန့်နှင့် ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း မောင်ဘုန်းမြတ်ဆန်းညွှန့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီသီမိုး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးသက် LL.B, D.B.L, D.M.L, D.I.R, Dip in English**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၅၈၆)**
**အမှတ်(၁၉)၊ ရှမ်းကုန်းလမ်း၊ မြေနီ/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၈၆၁၄၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၂၁)လမ်း၊ အမှတ်(၈၁၁)ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၂၅x၅၀)ရှိ ဒေါ်ကြည်မြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အကျယ်အဝန်း ပေ(၂၃x၄၃)ရှိ တိုက်ခန်း (၃ထပ်ခွဲတိုက်ရင်ခွဲ)တိုက်အဆောက်အဦမှ (ပထမထပ်)တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်အဆက်ဆက်ဖြင့် လက်ရှိထား ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်တင်တင်ခိုင် [၁၂/မရက(နိုင်) ၁၀၉၅၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်နန်းမိုင်(LL.B,D.M.L)** | **ဒေါ်ပြုံးရီ(LL.B,D.M.L,D.I.L,D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၅၀၄၂)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၉၃၉)** |

**အမှတ်-၅၅၇/၅၆၇၊ အခန်း(၉၀၃)၊ ၉လွှာ၊(MACTower)မဟာဗန္ဓုလပန်းခြံလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၇၉၉၄၇၅၈၆၀၊ ၀၉-၇၉၈၄၂၅၇၆၉**

## အမည်မှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၆) အင်ဂျန်ဒို၊ Grade-10 မှ မအေးမြင့်သူ၏ အမည်မှန်မှာ မအေးအေးမြင့်သူဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးရဲထွန်းနိုင် [၁/မကန(နိုင်)၂၁၃၂၉၆] ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အမှတ် (၁၉)မူလွန်ကျောင်း၊ Grade-8 မှ မောင်ဝေလင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဇေမင်းထွန်း [၅/မရန(နိုင်) ၂၉၀၉၃၃] ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ အောင်မင်္ဂလာ(၃)လမ်း၊ အမှတ် ( ၄/၈၂ )ဟုခေါ်တွင်သော (ဆောက်လုပ်ဆဲ) (၁)ခန်းတွဲ (၅)ထပ်တိုက်အနက် **မြေညီထပ်** အကျယ်အားဖြင့် (၁၂x၅၅)ပေရှိ တိုက်ခန်းတစ်ခန်း၊ ယင်းတိုက်ခန်းအတွက် ကိုယ်ပိုင်လျှပ်စစ်မီတာ တစ်လုံးပါဝင်မည့် ရေ၊ မီးအစုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလကန်ထရိုက်တာ ဦးလှမျိုးသူ [၁၂/မရက(နိုင်)၁၃၁၇၉၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ၁။ ဦးအောင်ဗိုလ်ဗိုလ် [၁၂/သလန (နိုင်)၁၂၅၃၁၈]၊ ၂။ ဒေါ်စုစုလှိုင် [၇/သနပ(နိုင်)၁၁၈၁၇၇]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် (၂၅-၅-၂၀၂၄)ရက်နေ့၌ စရန်ပေးစာချုပ်ချုပ်ဆို၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကြိုပွဲငှဲစနစ်ဖြင့် ဝယ်ယူသည့် ဤတိုက် ခန်းအရောင်းအဝယ်အား ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄-၆-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ အကျိုးသက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာ အထောက်အထား မူရင်းများနှင့်တကွ အားမနာတမ်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးအောင်ဗိုလ်ဗိုလ် [၁၂/သလန(နိုင်)၁၂၅၃၁၈]နှင့် ဒေါ်စုစုလှိုင် [၇/သနပ(နိုင်)၁၁၈၁၇၇]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဝင်း (တရားလွှတ်တော်ရှေ့နေ) (စဥ်-၄၉၄၃)**
**တိုက် (၄၁)၊ အခန်း (ဘီ-၃)၊ ဒုတိယထပ်၊ (၁၁)လမ်း၊ (၃) ရပ်ကွက်၊ လှိုင်မြို့နယ်။**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ သရဖီလမ်း၊ မြေကွက်အမှတ်(၆၄၃/၈)၊ မြေဧရိယာ ပေ(၄၀x၆၀) မြေပေါ်ရှိ မြေချပါမစ်အမျိုးအစားမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် မြေချပါမစ်အမည်ပေါက် ဒေါ်စိန်စိန် [၁၂/လကန(နိုင်)၀၁၄၆၉၆]ဟု မှတ်သားတည်ရှိပြီး၊ ယင်းမြေကွက်အတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော (၂၀x၆၀)ပေ (ခြေရင်းခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ် ပိုင်ဆိုင်ထားသူ ဦးမင်းသိန်းထိုက် [၉/ပကခ(နိုင်) ၀၀၇၃၀၆]မှ အရှုပ်အရှင်းကင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငွေးငွေးစံ [၆/မအရ(နိုင်)၀၈၅၉၅၄]မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအိမ်ခြံမြေအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာဝင်း တရားလွှတ်တော်ရှေ့နေ (စဥ်-၁၀၃၃၉)**
**အမှတ်(၁၂/၂၈၃)၊ ဗညားဦးလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph-09-252410230, 09-740886977**

## "ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ မဟော်သဓာ(၅)လမ်း၊ အမှတ်(၈၀၇/က)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ) ပါမစ်မူရင်း လူနေအိမ်မြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ"

အထက်ပါလူနေအိမ်မြေကွက်သည် ဒေါ်အေးကြိုင်အမည်ဖြင့် တည်ရှိသည့် ပါမစ်မြေ အမျိုးအစားဖြစ်ပြီး ယင်းနေအိမ်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကြသူများဖြစ်ကြသော (၁) ဒေါ်ပြုံးပန်းပွင့် [၁၂/ဒဂရ(နိုင်) ၀၁၈၈၀၆]၊ (၂) ဦးသန်းနိုင်ဆွေ [၁၂/သဃက(နိုင်)၀၆၀၂၈၁] တို့ထံမှ (၂၇-၅-၂၀၂၄) ရက်စွဲဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော (၁) ဦးဘိုနှင်းအောင်[၁၂/အစန (နိုင်)၁၄၁၃၈၁]၊ (၂) ဒေါ်သဥ္ဇာလွင်[၁၂/မရက(နိုင်)၁၁၁၃၉၅]တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း (မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဘိုနှင်းအောင်၊ ဒေါ်သဥ္ဇာလွင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင် တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၂၄၂၄၈၂၂**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ထပင်ရွှေထီး၊ မြေကွက်အမှတ်-၄၄၊ ဗိုလ်တေဇ (၁) လမ်းဟုခေါ်တွင်သော (အလျား ၄၀ ပေx အနံ ၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက် ဦးကျော်စိန် (ခ) တောင်ဆိုင် [၁၂/လသန(နိုင်)၀၁၇၄၂၂] ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ ရရှိထားသူ ဦးမင်းအောင် [၁၂/ဗတထ(နိုင်) ၀၂၃၉၀၄]မှ တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းသီတာဝေ [၁၂/ဒဂန(နိုင်)၀၂၇၉၈၃]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်ခြံမြေအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သန္တာဝင်း** | **ဒေါ်ရီရီလွင်** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၅၂၆၆)** | **အထက်တန်းရှေ့နေ (စဥ်-၅၂၄၉၉)** |

**အမှတ် (၁၃)၊ သဇင်လမ်း၊ တာကြီးရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၈၁၇၇၇၅၅**

## ကန့်ကွက်နိုင်ပါသည်

(၂၆-၃-၂၀၂၄) နေ့ထုတ် ကြေးမုံသတင်းစာပါ ဦးလှလွင်၏ရှေ့နေမှတစ်ဆင့် အသိပေးကြေညာချက်မှာ ဖခင် ဦးတင်ရွှေ [၁၂/ကတတ(နိုင်)၀၀၃၁၃၇] သည် အသက်(၉၀)နှစ်ကျော် မကျန်းမမာ၊ သတိချို့ယွင်းနေသူဖြစ်သဖြင့် ဖခင်ကြီးပိုင်ဆိုင် စီမံအုပ်ချုပ်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ဦးတင်ရွှေ၏ အကြီးဆုံးသားဖြစ်သူ ဦးလှလွင်မသိရှိဘဲ မည်သူမျှ တစ်စုံတစ်ရာစီမံမှု လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရန် အဓိကထား၍ အသိပေးကြေညာခြင်းဖြစ်ပါသည်။ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ကုန်သည်လမ်း (၃၈-လမ်းထိပ်)၊ အမှတ်-၅၂၄ (မြေညီထပ်) အခန်းဥပစာကို (၂၀၁၁) ခုနှစ်ကတည်းက အကြီးဆုံးသားဖြစ်သူ ဦးလှလွင်သို့ လက်ရောက်လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါသည်။ ထိုသို့ သတင်းစာတွင် ထည့်သွင်းအသိပေးကြေညာရန် ပြောဆိုစဉ်က အဆိုပါအခန်းတွင် ဖခင်ကြီးဦးတင်ရွှေနှင့် ဦးလှလွင်တို့မှာ အိမ်ထောင်စုစာရင်းဝင်များဖြစ်ကြောင်း ပြောဆိုမှုအပေါ် နားလည်မှုလွဲမှားကာ မှားယွင်းထည့်သွင်းကြေညာခြင်းသာဖြစ်သဖြင့် အဆိုပါပစ္စည်းစာရင်းအမှတ်စဉ်(၁)ကို ပယ်ဖျက်ပါကြောင်း အတိအလင်းရုပ်သိမ်းကြေညာပါသည်။ ဖခင်ကြီးဦးတင်ရွှေသည် သတိလုံးဝချို့ယွင်းပြီး အသည်းအသန်နာမကျန်းဖြစ်နေစဉ် ၎င်းပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဦးလှလွင်သိရှိသဘောတူ၊ စာဖြင့်ရေးသားလက်မှတ်ရေးထိုးခြင်းမရှိဘဲ တစ်နည်းနည်း စီမံခန့်ခွဲလွှဲပြောင်းမှုမှန်သမျှသည် ဥပဒေနှင့်မညီ အတည်ဖြစ်မည်မဟုတ်ကြောင်း ထပ်မံအတည်ပြုအသိပေးကြေညာအပ်ပါသည်။

**ဦးလှလွင် [၁၂/ကတတ(နိုင်)၀၀၃၄၀၇] ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| ဦးကျော်ငြိမ်း (ဖောင်တော်သီ) | ဒေါ်ခင်မေသန်း |
|---|---|
| (စဉ်-၂၃၀၂) | (စဉ်-၃၂၂၈) |
| B.A(Law), LL.B, D.B.L, D.M.L | LL.B. D.B.L, D.M.L, D.I.L. |
| Ph:09-5108521 | Ph:09-5015316 |

**ဦးမျိုးသိန်းဌေး (စဉ်-၁၃၉၃၃)**
**LL.B, D.B.L, D.I.L., D.M.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၆၂ (ပထပ်)၊ ၃၅-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ သီရိမြိုင်လမ်း၊ မြေကွက်အမှတ်(၂၄၁)၊ မြေအကျယ်အဝန်း(၄၀ x ၆၀)ပေရှိ ဒေါ်ဖြူ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်ထဲမှ (၁၀ x ၆၀)ပေ ဂရန်မိတ္တူခြမ်းမြေကွက်နှင့် ရေ၊ မီးပါဝင်သော ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဒေါ်ခိုင်ရွှေဦး[၁၂/ဒဂမ(နိုင်)၀၂၄၅၁၃] နှင့်ဒေါ်ခိုင်ရွှေထူး [၁၂/ဒဂမ(နိုင်)၀၂၄၅၁၂] တို့မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းဇော်ထွေး[၁၂/တတန(နိုင်)၀၂၀၇၀၈]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် (၂၆-၅-၂၀၂၄)ရက်စွဲပါ အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြေညာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း (LL.B ) DL.101 WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွန့်လမ်း၊ (၅၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၇၇၆၅၅၁၁၆၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ ဗလမင်းထင်လမ်း၊ မြေကွက်အမှတ်(၁၃၄)၊ မြေအကျယ်အဝန်း (၄၀ x ၆၀) ပေရှိ ဦးအောင်ရွှေအမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်ထဲမှ (၂၀ x ၆၀)ပေ ဂရန်မူရင်းခြမ်းမြေကွက်နှင့် ရေ၊ မီးပါဝင်သော ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးဖုန်းမင်းစိုး [၁၂/မဂတ(နိုင်)၀၀၈၁၉၂] မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင့်ဝါဖူး [၁၂/ဥကမ(နိုင်)၂၅၈၀၁၈] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် (၂၅-၅-၂၀၂၄) ရက်စွဲပါ အရောင်းအဝယ် စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြေညာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း (LL.B) DL.101 WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွန့်လမ်း၊ (၅၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၇၇၆၅၅၁၁၆၉**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄ ဘီ ၊ မြေကွက်အမှတ်-၁၄ B/၂ ၊ ဧရိယာ-၀.၂၅၆ ဧက အကျယ်အဝန်းရှိ ဂရန်ရှိမြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ ဗဟိုလမ်းသွယ်၊ အမှတ်-၁၁၁/B ဟုခေါ်တွင်သည့် ရေ၊ မီးအစုံ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်ဇင်သိန်း (၁၂/မရက (နိုင်) ၀၀၁၉၂၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေများအနက်မှ တစိတ်တဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံး သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀ ၁၆၃၅၂၊ ၀၉-၅၅ ၀၆၅၅၆။

## အမည်ပြောင်း

စစ်တွေမြို့၊ ရှုပမြောက်ရပ်ကွက်နေ (ဘ)ဦးကျော်မိုးနိုင် [၁၁/စတန(နိုင်)၀၅၅၇၄၀] ၏သား စောသျှန်ထွန်းအား မင်းစောသျှန်ထွဋ်း ဟု ပြောင်းလဲခေါ်ပါရန်။

**မင်းစောသျှန်ထွဋ်း**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်၊ ကံ့ကော်(၂)လမ်း၊ အမှတ်(၂၅၆/က)ဟုခေါ်တွင်သော ဦးအောင်လှအမည်ပေါက်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၅)ထပ်တိုက်အဆောက်အအုံ၏ ဒုတိယထပ်(တတိယအလွှာ)၊ အကျယ်အဝန်း ပေ (၅၄) x ပေ (၁၈) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးခင်မောင်လှ [၁၂/အစန(နိုင်)၂၅၉၅၈၄] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်အောင်နိုင် [၁၄/လပတ(နိုင်)၁၁၅၀၅၂] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အဲမွန်ဦး [LL.B (Q)] (C.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၃၈)**
**ဖုန်း-၀၉-၄၅၉၃၈၂၄၇၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလဘောင်ကျေးရွာ၊ အောင်မြေသာယာလမ်းရှိ အကျယ်အဝန်း ($\frac{၁၁၂}{၁၆၀}$ x ၂၈၅) ပေရှိ မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ဌေးဌေး [၁၂/စခန(နိုင်) ၀၂၇၆၆၂] နှင့် ဒေါ်သန်းသန်းအေး [၁၂/စခန(နိုင်)၀၂၅၉၆၄] ကိုင်ဆောင်သူတို့မှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၆)လမ်း၊ တိုက်အမှတ်(၁၅၈/က)၊ အခန်း(1A)၊ မြေညီ+ထပ်ခိုးထပ်၊ (၁)လွှာဟုခေါ်တွင်သော အလျား (၁၈) ပေ x အနံ (၅၄) ပေ၊ အမြင့် (၁၇)ပေ ထပ်ခိုးပါ တိုက်ခန်းနှင့် ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးသက်ထက်လင်း [၁/မကန(နိုင်)၁၁၃၇၃၃] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဌေးဌေးဝင်း [၁၄/လပတ(နိုင်)၁၁၅၅၂၀] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဌေးဌေးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၃၈)၊ (၂)ခန်းတွဲ ၃½ ထပ်တိုက်မှ မြေညီထပ် (မှန်ခန်း/ဘီ)၊ ယာဘက်ခြမ်း၊ အကျယ်ဝန်း (၁၂½ပေ x ၅၀ ပေ) ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိမှ ဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ရှိထား နေထိုင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဆွေဆွေဦး [၁၂/ဒဂတ(နိုင်)၀၈၀၇၄၀] ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ရီနွယ်လှိုင် [၁၂/ဒလန(နိုင်)၀၄၆၀၂၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ (စရန်ငွေ)ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်စာချုပ်အပေါ် ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြဇာဇာအောင် (LL.B, D.B.L, D.I.L,D.I.P.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၇၀) (၃၁-၁-၂၀၁၇)**
**အမှတ်-၄၀၊ ဇေတရုံလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း-၀၉-၄၅၀၀၁၁၆၅၃၊ ၀၉-၇၇၆၄၄၅၂၆၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/မြို့မမြောက်ရပ်)၊ မြေကွက်အမှတ် (ပ-၃၃၆၉၆)၊ အကျယ်အဝန်း အလျား(၆၀)ပေ x အနံ(၄၀)ပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်ခင်စန်းထွေး (ဘ) ဦးမြမောင် [၁၂/ဥကတ(နိုင်)၀၃၉၅၃၇]အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူထားပြီး လက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်ဖြိုးဖြိုးယု (ဘ) ဦးယုတင် [၆/မမန(နိုင်)၁၃၈၆၅၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝေဖြိုးအောင် (ဘ) ဦးကျော်ကျော် [၅/အရတ(နိုင်)၁၀၆၀၅၅] က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော မြေပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဦးဝေဖြိုးအောင် | ဒေါ်မေသဇင်ချစ် (LL.B) |
| ဖုန်း-၀၉-၄၀၂၅၁၅၃၂၉ | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၃၆/၂၀၁၇) |

**အမှတ်(၂၆၆၁)၊ ဒေါနလမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။**
**ဖုန်း-၀၉-၄၃၁၁၂၂၄၀၊ ၀၉-၆၉၇၈၁၆၆၀၀**

## တွံတေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ တွံတေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် တွံတေးခရိုင်အတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတို့တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တွံတေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် လျှောက်လွှာရောင်းချသည့်ရက်များ၌ ရုံးချိန်အတွင်း (ရုံးပိတ်ရက်မပါ) ဝယ်ယူတင်သွင်းနိုင်ပါသည်။

| | | |
|---|---|---|
| ၃။ တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက် | - | ၂၉-၅-၂၀၂၄ ရက်နေ့မှ ၁၁-၆-၂၀၂၄ ရက်နေ့အထိ |
| ၄။ တင်ဒါလျှောက်လွှာပိတ်မည့်ရက် | - | ၁၃-၆-၂၀၂၄ ရက်နေ့ (ကြာသပတေးနေ့) (၁၅:၀၀)နာရီ |
| ၅။ တင်ဒါဖွင့်မည့်ရက်/အချိန် | - | ထပ်မံကြေညာပေးပါမည်။ |
| ၆။ တင်ဒါဖွင့်မည့်နေရာ | - | ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ တွံတေးခရိုင် |

၇။ သတ်မှတ်ရက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၄၅-၂၀၅၀၉၈၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
## e-Government လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**တင်ဒါအမှတ်စဉ်**
**(ITCS-၂၂/၂၇/၂၈/၂၉/၃၀/၃၁/၃၃/၃၅/၄၀/၄၁/၄၂/၄၃)-၂၀၂၄**

၁။ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်၊ (ဧပြီလမှ မတ်လ) အထိ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် e-Government လုပ်ငန်းများအတွက်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/လုပ်ငန်းအပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါ၍ တင်ဒါပေးသွင်းလိုသူ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဆောင်ရွက်မည့်လုပ်ငန်းများမှာ-

(က) ITCS - ၂၂/၂၀၂၄ Deployment of Redundant/Backup Environment for G-Cloud လုပ်ငန်းများ ဆောင်ရွက်ခြင်း (Turnkey)
(ခ) ITCS - ၂၇/၂၀၂၄ Capacity Expansion for Government Cloud Infrastructure လုပ်ငန်းများဆောင်ရွက်ခြင်း (Turnkey)
(ဂ) ITCS - ၂၈/၂၀၂၄ Firefighting စနစ် ဝယ်ယူတပ်ဆင်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်း
(ဃ) ITCS - ၂၉/၂၀၂၄ 100kVA UPS ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း (Turnkey)
(င) ITCS - ၃၀/၂၀၂၄ Precision Air Cooling System ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း (Turnkey)
(စ) ITCS - ၃၁/၂၀၂၄ Video Conferencing System Expansion လုပ်ငန်းနှင့် Video Conferencing စနစ် အသုံးပြုသော User License များ သက်တမ်းတိုးခြင်း
(ဆ) ITCS - ၃၃/၂၀၂၄ Data Centers Power Supply System Upgrading လုပ်ငန်းများ ဆောင်ရွက်ခြင်း (Turnkey)
(ဇ) ITCS - ၃၅/၂၀၂၄ VM Firewall များ ဝယ်ယူခြင်း
(ဈ) ITCS - ၄၀/၂၀၂၄ Gateway Firewall License သက်တမ်းတိုးခြင်းလုပ်ငန်း
(ည) ITCS - ၄၁ /၂၀၂၄ Data Center ၏ Colo Zone Firewall၊ Gateway Devices၊ Hosting Devices၊ ACI Devices များ License သက်တမ်းတိုးခြင်း
(ဋ) ITCS - ၄၂/၂၀၂၄ A10 Network DDoS Detection & Mitigation Device များ License သက်တမ်းတိုးခြင်း
(ဌ) ITCS - ၄၃/၂၀၂၄ Email System အတွက်အသုံးပြုသော License များနှင့် Security Devices များအား လိုင်စင်သက်တမ်းတိုးခြင်း

| | |
|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - ၂၈-၅-၂၀၂၄ ရက်နေ့မှ ၁၀-၆-၂၀၂၄ ရက်နေ့အထိ |
| တင်ဒါပုံစံ ရောင်းချမည့်နေရာ | - တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန (စီမံ/ ဘဏ္ဍာ/ထောက်ပံ့) ဌာန၊ ရုံးအမှတ် (၂)၊ နေပြည်တော် |
| တင်ဒါတင်သွင်းရမည့်နေရာ | - တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန (စီမံ/ဘဏ္ဍာ/ထောက်ပံ့)ဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော် |
| တင်ဒါနောက်ဆုံးတင်သွင်းရမည့် နေ့ရက်နှင့်အချိန် | - ၂၇-၆-၂၀၂၄ (ကြာသပတေးနေ့)၊ (၁၂:၀၀) နာရီအထိ |

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ရုံးအမှတ် (၂)၊ နေပြည်တော်ဖုန်း ၀၆၇-၃၄၀၇၇၅၃ နှင့် e-Government ဌာန ၊ ၀၆၇-၃၄၂၄၃၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ(ဆက်သွယ်ရေး)**

## ညောင်ရမ်းလမ်းမကြီး မြေကွက်ရောင်းမည်

အရှေ့လှည့်။အင်းဝလမ်းမအနီး။စီးပွားရေးလုပ်ရန်ကောင်း။ (၁၇)ရပ်ကွက်၊ရွှေပေါက်ကံ။ ညောင်ရမ်းလမ်း (အမှတ်၂လမ်း နှင့် အမှတ်၃လမ်းပေါက်)။ ပေ၂၀ × ပေ ၆၀ ။ဂရံခွဲပြီး။ သိန်း (၃၄၀၀) ညှိနှိုင်း။ 09 43021001

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အောင်မေတ္တာလမ်း၊ အမှတ်[၁၄/၁၄/၂၇၀(ခ)]၊ (၁၄)ရပ်ကွက်ရှိ (၂၀ ပေ x ၆၀ ပေ) အကျယ်ရှိ မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပါမစ်အမည်ပေါက်သူ ဦးမျိုးညွန့် L/RGN-၀၁၂၇၃၉၅ ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ထားသော ဦးသုခ [၇/ပတခ(နိုင်)၀၀၄၃၆၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရန်နိုင်နှင့် ဒေါ်စောသန္တာဝေတို့မှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့် အဆောက်အဦအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝန်နီလှိုင် တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၃၈/၁၃)**
**LL.B, D.M.L, D.I.L, D.I.R, B.D.S (MOFA)**
**အမှတ်(၄၅/၆၁၂)၊ ပေါ်တော်မူ(၃)လမ်း၊**
**(၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**Ph:09-422470665, 09-794969226**

## ရတနာမြိုင်ဆောက်လုပ်ရေးမှ ဆောက်လုပ်ထားသော (၆)ခန်းတွဲ (၁၃)ထပ် (၈)လွှာ ဧရိယာ ၁၇၄၆ Sqft အကျယ်ရှိ တိုက်ခန်းအမှတ် (A)၊ ဧရိယာ ၁၆၉၀ Sqft အကျယ်ရှိ အခန်းအမှတ် (C)၊ ဧရိယာ ၁၆၅၈ Sqft ထောင့်ဆုံးအခန်း အမှတ်(E)နှင့်ပတ်သက်၍ ဦးနေလင်းကိုကိုနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ အမှတ် (၁၇၈)ဟုခေါ် တွင်သော မြေကွက်ပေါ်တွင် ရတနာမြိုင်ဆောက်လုပ်ရေးမှ ဆောက်လုပ်ထားသော (၆) ခန်းတွဲ (၁၃)ထပ် (၈)လွှာ ဧရိယာ ၁၇၄၆ Sqft ရှိ တိုက်ခန်းအမှတ် (A) အား ငွေကျပ်သိန်း (၃၅၀၀) ဖြင့်လည်းကောင်း၊ ဧရိယာ ၁၆၉၀ Sqft အကျယ်ရှိ အခန်းအမှတ် (C) အား ငွေကျပ်(၂၁၇၅)သိန်းဖြင့် လည်းကောင်း၊ ဧရိယာ ၁၆၅၈ Sqft ထောင့်ဆုံးအခန်း အမှတ်(E) အား ငွေကျပ် (၂၃၂၅) သိန်းဖြင့်လည်ကောင်း၊ ရတနာမြိုင်ဆောက်လုပ်ရေးမှ တာဝန်ရှိသူ ဦးနိုင်ဝင်းအောင်ထံမှ (၂၁-၅-၂၀၁၄)ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ် နှစ်ဖက်သဘောတူစာချုပ်များဖြင့် ဒေါ်ထွန်းသီတာဦးမှ အဆိုပါတိုက်ခန်းများ အကြမ်းထည်အဆင့်တွင်ပင် ဝယ်ယူ၍ လက်ရောက်ရယူခဲ့ပြီး နောက်ပိုင်းတွင် ဒေါ်ထွန်းသီတာဦးမှ ၎င်းဝယ်ယူထားသော (A)(C)(E) တိုက်ခန်း(၃)ခန်းအား တစ်ဆက်တည်း စိတ်ကြိုက်အဆင့်ဆင့် ပြင်ဆင်ခဲ့ပြီး နိုင်ငံခြားမှ တန်ဖိုးကြီးအိမ်ထောင်ပရိဘောဂများ၊ အလှဆင်ပစ္စည်းများ မှာယူ၍ သိန်း (၃၀၀၀) ခန့် အကုန်ကျခံ၍ အလှဆင်ပြင်ဆင်ကာ တိုက်ခန်းများအတွင်း တန်ဖိုးမဖြတ်နိုင်သော မိသားစုဓာတ်ပုံများ၊ Album များလည်းထည့်သွင်းထားခဲ့ကြောင်း၊ လုပ်ငန်းရင်းနှီးရန်ငွေလိုအပ်သဖြင့် ၎င်းပိုင်တိုက်ခန်း (C)(E) နှစ်ခန်းကိုသာ ပေါင်နှံခဲ့ကြောင်း၊ ပြန်လည်ရွေးနုတ်ရန်အချိန်တွင် အပေါင်ခံသူ ဦးမျိုးသူရက နည်းအမျိုးမျိုးဖြင့် ကန့်ကွက်တိမ်းရှောင်ရွေးနုတ်ခွင့်မပြုခဲ့ကြောင်း၊ တိုက်ခန်း(၂)ခန်း အပေါင်စာချုပ်နှင့် ၎င်းဝယ်ယူထားသော (၂၁-၅-၂၀၁၄) ရက်စွဲပါ တိုက်ခန်း(၃)ခန်း၏ အရောင်းအဝယ်စာချုပ်များ ဒေါ်ထွန်းသီတာဦး၏ လက်ဝယ်တွင်ရှိကြောင်း၊ ယခုအခါ ဒေါ်ထွန်းသီတာဦးပိုင် (A)(C)(E) တိုက်ခန်း(၃)ခန်းအား ဦးနေလင်းကိုကိုထံသို့ ဥပဒေမဲ့ လွှဲပြောင်းရောင်းချထားကြောင်း၊ ဗိုလ်တထောင်ခရိုင်တရားရုံး တရားမကြီးမှုအမှတ်-၅၈၈/၂၀၂၂ အမှု၌သိရှိခဲ့ရသဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း(သို့) (၁၁-၆- ၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ တိုက်ခန်း(၃)ခန်းနှင့် ၎င်းတိုက်ခန်းများအတွင်းရှိ တန်ဖိုးကြီးအိမ်ထောင်ပရိဘောဂများ၊ အလှဆင်ပစ္စည်းများနှင့် တန်ဖိုးမဖြတ်နိုင်သော မိသားစုဓာတ်ပုံများ၊ Album များကို ဒေါ်ထွန်းသီတာဦးထံ မူလအခြေအနေအတိုင်း ပြန်လည်ပေးအပ်ရန်နှင့် အပ်နှံခြင်းမရှိပါက ဒေါ်ထွန်းသီတာဦး သိရှိသဘောတူညီမှုမရှိဘဲ ဥပဒေမဲ့ အရောင်းအဝယ်ပြုလုပ်သူနှင့် ပူးပေါင်းပါဝင်သူများကို နစ်နာကြေးနှင့်တကွ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ထွန်းသီတာဦး** | **ဒေါ်လွဲ့လွဲ့ဝင်း (LL.B)** |
| **[၁၂/တမန(နိုင်)၀၄၇၀၆၈]** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၄၇၁၄/၈၈)** |
| | **(၉၉)အောင်သုခ(၁)လမ်း၊** |
| | **(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း-၀၉-၂၆၄၁၀၄၁၅၀** |

## သုံးဘီး/မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း

သုံးဘီး/မော်တော်ဆိုင်ကယ်အမှတ်၊ 10U/6079၊ အမျိုးအမည်-JRC(124CC)၊ အမျိုးအစား-MC ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူ [၁၀/သထန (နိုင်)၂၃၀၀၆၄] မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်-

**က-ည-န၊ ခရိုင်ရုံး(သထုံ)**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးမြအောင် ၏သား မောင်ဆန်းရှိုင်းစံ [၁၂/ဒဂတ (နိုင်)၀၈၅၁၅၉] ၏ နိုင်ငံကူး လက်မှတ်အမှတ် (MG-622019) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-753499145**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ အရှေ့ရွှေဂုံတိုင်လမ်း၊ အောင်ချမ်းသာအိမ်ရာ၊ တိုက်(D2)၊ အခန်း(၀၀၁)၏ အမည်ပေါက် ဦးဂျော်ဂျ်(ခ)စိန်ငွေ [၁၂/လမတ (နိုင်)၀၁၉၀၀၇] သည် အိမ်အပြောင်းအရွှေ့တွင် Owner Book စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ် မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**(ရုံးချုပ်)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ တိုက်(၂)၊ အခန်း(၆၀၂)၊ ဆဌမထပ်အား အမည်ပေါက် ဒေါ်ရီရီလေး[၁၂/မဂတ(နိုင်)၀၁၆၁၀၁]၏ တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် (Owner Book) မိတ္တူမှန် ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်။**
**ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးဝန်ကြီးဌာန၊ နေပြည်တော်ကုသရေးဦးစီးဌာနမှူးရုံး
## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် (၂၀၂၄-၂၀၂၅)ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ကုသရေးဦးစီးဌာနအောက်ရှိ ဆေးရုံများတွင် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါး၊ ဓာတ်ခွဲ၊ ဓာတ်မှန်သုံး ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| | |
|---|---|
| ၂။ အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့် ရက်နှင့်အချိန် | - ၃၀-၅-၂၀၂၄ ရက် နံနက်(၁၀:၀၀)နာရီ |
| အိတ်ဖွင့်တင်ဒါပုံစံ နောက်ဆုံး တင်သွင်းရမည့် ရက်နှင့်အချိန် | - ၁၂-၆-၂၀၂၄ ရက် ညနေ(၄:၀၀)နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကုသရေးဦးစီးဌာန ဖုန်းနံပါတ်-၀၆၇-၅၅၀၀၇၆ သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်ကုသရေးဦးစီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ ခန်းတွဲ(၁)လမ်း၊ အမှတ်(၆၃) ဟုခေါ်တွင်သော အလျား(၁၅) ပေ x အနံ(၅၂)ပေ အကျယ်အဝန်းရှိ မြေနှင့်ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို အရပ်စာချုပ်ဖြင့် အရောင်းအဝယ်ပြုလုပ်ဝယ်ယူပိုင်ဆိုင်ခဲ့သော ဦးဝင်းကြည်(ISN-၂၂၀၈၃၁)ထံမှ ဒေါ်အေးကျင် (ISN-၀၆၈၄၉၃)မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ (ဒေါ်အေးကျင်) ကွယ်လွန်သွားသဖြင့် ရောင်းချပိုင်ခွင့်ရှိသူ (ဒေါ်အေးကျင်)၏ သမီးဖြစ်သူ ဒေါ်သန်းသန်းစံ[၁၂/မဂတ(နိုင်)၀၇၄၃၂၇] ထံမှ ဦးစည်သူဝင်း[၁၂/အစန(နိုင်)၁၈၃၇၄၀]မှ ထပ်မံဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အရောင်းအဝယ်အဆက်ဆက်စာချုပ်စာတမ်းများဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးစည်သူဝင်း[၁၂/အစန(နိုင်)၁၈၃၇၄၀]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးမောင်ငွေး[၅/ငဇန(နိုင်)၀၁၅၈၇၄]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်ငွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိမိုးသူ (LL.B, D.B.L, WIPO)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၉၅)**
**အမှတ်(၇၄၈)၊ နှင်းဆီ(၂)လမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၇၉၅၄၀၇၈၆၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဈ-၃၄)၊ မြေကွက်အမှတ်(၈၃၃/က)၊ ဒေါ်မူမူမြင့်(Z/MAG-၁၅၈၇၅၂)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် အကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဈ-၃၄/၁၀-ရပ်ကွက်၊ ဖျာပုံပတ်လမ်း၊ အမှတ်(၈၃၃/က) မြေကွက်နှင့် ယင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး စီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု ပြောဆိုသူဖြစ်သော ဦးမောင်မောင်ညွန့် [၁၂/အလန(နိုင်)၀၀၇၇၃၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မိုးသီကျွန်း [၇/ဖမန(နိုင်)၁၂၇၈၆၅] နှင့် ဘီရိဘောလ် [၇/ဖမန(နိုင်)၀၉၉၆၈၉] တို့က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာနည်ဝင်း(စဉ်-၁၉၀၄၁) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၃၀)၊ သမိန်ဗရမ်းလမ်း၊ ကြီးပွားရေး/မြောက်ပိုင်းရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၄၈၈၈၅၀၈**

## လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၃)ရပ်ကွက်၊ ငွေကြာရံလမ်း၊ အိမ်အမှတ်(၁၆၀၂/က)တွင်နေထိုင်သူ ဦးရဲနောင်ထွန်း မှတ်ပုံတင်အမှတ် [၁၂/ဒဂမ(နိုင်)၀၂၈၇၇၈] နှင့် ဒေါ်ဆုရည်ပြုံး [၁၂/ဒဂမ(နိုင်)၀၅၉၂၅၆] တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် (၂၄-၄-၂၀၂၄)ရက်နေ့တွင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲသည့်စာချုပ်ရေးထိုး အသိသက်သေများရှေ့တွင် လက်မှတ်ရေးထိုးပြီးဖြစ်၍ နောက်နောင် ဦးရဲနောင်ထွန်းနှင့် ဒေါ်ဆုရည်ပြုံး တစ်ဦးနှင့်တစ်ဦး ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း အလျဉ်းမပြုကြပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆုရည်ပြုံး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာဝင်းရွှေ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၅၇၇၀/၂၇-၂-၂၀၁၅)**
**အမှတ်(၁၂၆)၊ သုမိတ္တာ(၅)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၇၆၆၄၂၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ မြေကွက်အမှတ် (၁၃၆၅/က)၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ၁၇) ဟုခေါ်တွင်သော မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်သူ ဒေါ်လယ်လယ်တင်ထိပ် [၇/ဒဥန(နိုင်)၀၂၅၀၇၈] ထံမှ ဝယ်ယူရန် ကျွန်ုပ် ဦးစောကျော်သီဟနိုင် [၁၄/ညတန(နိုင်)၂၂၈၆၃၂] က ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသည့်စာရွက်စာတမ်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ၄-၆-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ကျန်ငွေများကို ဆက်လက်ပေးချေ၍ အဆိုပါမြေကွက်ကို ဥပဒေနှင့်အညီ လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစောကျော်သီဟနိုင်**
**ဖုန်း-၀၉-၇၈၉၃၄၅၀၁၁**

## ဒေါ်နုနု
**အထက်တန်းပြ(ငြိမ်း)**
**အထက(၂)လသာ**
## အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မုဒိတာအိမ်ရာ (၁)၊ အခန်း (စီ/၂၁၉)နေ (ဦးမောင်ကလေး-ဒေါ်အေးလှိုင်)တို့၏ သမီး၊ (ဦးထွန်းအေး)၏ ဇနီး၊ ဦးခင်မောင်မော်-ဒေါ်နီနီအေး၊ ဒေါ်ဝါဝါအေး၊ ဦးမောင်မောင်ကျော်-ဒေါ်ဖြူဖြူအေး၊ ဒေါက်တာဇော်ဇော်အေး-ဒေါက်တာသန်းသန်းတို့၏မိခင်၊ မဆုပိုင်မော်၊ ကိုတင်စိုး-မဝင့်ဝါ၊ မောင်ရည်မွန်အေး၊ မောင်ဇော်ရဲဝင့်တို့၏ အဘွား၊ မောင်အောင်ဘုန်းပြည့်၏ ဘွားဘွားကြီးသည် ၂၇-၅-၂၀၂၄ (တနင်္လာနေ့) ည ၁၁:၄၈ နာရီတွင် နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၂၉-၅-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ကမ္ဘာ့အပူချိန်**
**လျှော့ချဖို့**
**အိုဇုန်းလွှာ**
**ကာကွယ်မှုနဲ့အတူ**
**ဆက်လက်**
**ဆောင်ရွက်စို့**

## ဦးကျော်ကျော်ဦး
## အသက် (၆၆) နှစ်

ရန်ကုန်မြို့နေ (ဦးတင်ညွှန့်)-(ဒေါ်စန်းစန်းလွင်)တို့၏ သားကြီး၊ (ဦးထွန်းတင်)-(ဒေါ်ညွှန့်ညွှန့်)တို့၏ သားသမက်၊ ဦးအောင်ဝင်း-ဒေါ်မြင့်မြင့်မေ၊ ဒေါ်မူမူတို့၏ အစ်ကို၊ ဦးလှိုင်မြင့်-ဒေါ်ချိုချိုထွန်းတို့၏ မောင်၊ ကိုအောင်မင်း-မအေးအေးသန်း၊ ကိုနေလကျော်-မချစ်စုတို့၏ ဘကြီး၊ ရန်ကုန်မြို့၊ အမှတ်(77,A/B)၊ သာယာလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်(ဘိုကုန်း)နေ ဒေါ်မာလာထွန်း၏ ခင်ပွန်း၊ ကိုရဲရင့်ကျော်-မဝင့်သီရိကျော်၊ ကို Jocob Clere-မစုတာရာလင်းတို့၏ ချစ်လှစွာသော ဖခင်၊ မောင်William Thuta clere၊ မောင် Hugo Nyein Chan Clere တို့၏ အဘိုးဖြစ်သူ ဦးကျော်ကျော်ဦးသည် ၂၈-၅-၂၀၂၄(အင်္ဂါနေ့) နံနက် ၁၁:၀၀နာရီတွင် ဘဝတစ်ပါးသို့ ကူပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၃၀-၅-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၉:၀၀ နာရီတွင် ရေးဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေး၊ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ရဟန်းအမ**
## ဒေါ်မာဂရက်စိန်
**အထက်တန်းသူနာပြု(ငြိမ်း)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး**
## အသက်(၉၂)နှစ်

ဦးအောင်ကျော်ဟိုး (ပြည်ထောင်စုဝန်ကြီး၊ နစကဥက္ကဋ္ဌရုံး)-ဒေါ်ကြည်ကြည်စုလှိုင်တို့၏ချစ်လှစွာသော မိခင်ကြီး ဒေါ်မာဂရက်စိန်သည် ၂၇-၅-၂၀၂၄ ရက် မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၇)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကလောမြို့နယ်၊ လွယ်အံ့ကျေးရွာအုပ်စု၊ အင်းပြင်ကျေးရွာ၊ ကွင်းအမှတ်နှင့် အမည်- ၄၆/ ကျောက်တန်းရွာမကွင်း ၊ ဦးပိုင်အမှတ်- ၁/၃ ဆ၊ မြေကွက်အမှတ်- ၃/၃၅၊ ဧရိယာ (၀.၀၇၂)ကေရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသောင်းရွှေ[၁၃/တကန(နိုင်)၀၀၆၈၅၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်အေးမို့မို့အောင် [၁၂/လကန(နိုင်)၂၀၀၁၃၈]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ တစ်ဆယ့်လေးရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးမို့မို့အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လွန်းလွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၇၈၇)**
**အမှတ် -၁၇၉ ၊ ဥမင်လမ်း၊ (၁၀)ရပ်ကွက်၊ ကလောမြို့။**
**ဖုန်း-၀၉-၄၀၀၀၃၃၉၇၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၅၁ ရပ်ကွက်၊ အောင်ချမ်းသာ(၅)လမ်း၊ အမှတ်(၄၁၅)၊ (ခေတ္တ-ထိုင်းနိုင်ငံ)နေ မမေမြတ်နိုးခင် [၁၄/လပတ(နိုင်)၂၈၂၃၃၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မမေမြတ်နိုးခင် [၁၄/လပတ(နိုင်)၂၈၂၃၃၆] သည် မအိသဲဖြူ [၇/ပခန(နိုင်)၄၄၆၅၈၀]၏ ငွေရေးကြေးရေးအရှုပ်အရှင်းများနှင့် လူမှုရေးကိစ္စရပ်များကိုသိရှိခြင်း၊ ပတ်သက်ခြင်းမရှိပါကြောင်းနှင့် မအိသဲဖြူ၏ ငွေရေးကြေးရေးအရှုပ်အရှင်းများနှင့် လူမှုရေးကိစ္စရပ်များသည် မအိသဲဖြူ [၇/ပခန(နိုင်)၄၄၆၅၈၀]နှင့်သာ သက်ဆိုင်ပြီး မမေမြတ်နိုးခင် [၁၄/လပတ(နိုင်)၂၈၂၃၃၆]နှင့် လုံးဝမသက်ဆိုင်ပါကြောင်း၊ မမေမြတ်နိုးခင် အပါအဝင် မမေမြတ်နိုးခင် မိသားစု၏ ဂုဏ်သရေ၊ အကျိုးစီးပွား၊ ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ Facebook, Telegram, Tik Tok, Viber group အစရှိသည့် လူမှုကွန်ရက်များပေါ်တွင် မမေမြတ်နိုးခင် အပါအဝင် မမေမြတ်နိုးခင် မိသားစု၏ ကိုယ်၊စိတ်၊ ဂုဏ်သရေနှင့် အကျိုးစီးပွားကို ထိခိုက်နစ်နာစေမည့် အခြားတစ်ပါးသောအကြောင်းများဖြင့် မဟုတ်မမှန် ပြုလုပ်ပြောဆိုရေးသားခြင်း၊ ကြေညာခြင်း၊ ဖြန့်ဝေခြင်း၊ မျှဝေခြင်း၊ အကြံတူဖြင့် ပူးပေါင်းကြံစည်လုပ်ကိုင်ခြင်းစသည့် ပြုလုပ်ခြင်းများကို လုံးဝပြုလုပ်ခြင်းမပြုရန် အတိအလင်း သတိပေးတားမြစ်အပ်ပါသည်။

အထက်ဖော်ပြပါ သတိပေးတားမြစ်ချက်များကို လိုက်နာမှုမရှိဘဲ မမေမြတ်နိုးခင် အပါအဝင် မမေမြတ်နိုးခင် မိသားစု၏ လူမှုရေး၊ အကျိုးစီးပွား၊ ကိုယ်၊ စိတ်၊ ဂုဏ်သရေတို့ကို ထိပါးနှောင့်ယှက်ခြင်းများ ပြုလုပ်ခဲ့ပါက (ပြုလုပ်ခြင်းများကိုတွေ့ရှိပါက) ထိုသို့ပြုလုပ်သူများကို ဆက်သွယ်ရေးဥပဒေဖြင့်လည်းကောင်း၊ အခြားသောတည်ဆဲဥပဒေများဖြင့်လည်းကောင်း တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းဝင်းနွယ် LL.B, B.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၉၂)**
**ဖုန်း- ၀၉-၉၈၂၉၃၅၉၉၁**
**အမှတ်(၁၂၂၉)၊ ပင်လုံလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ထန်းတပင်(VIP)ရပ်ကွက်နေ ဗိုလ်ချုပ်ကျော်ရွှေထွန်း-ဒေါ်ဥမ္မာဝင်း(တရားလွှတ်တော်ရှေ့နေ)တို့၏ မွေးသမိခင်ကျေးဇူးရှင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ရဟန်းဒါယိကာမကြီး (ဒေါ်စန်းရီ) အသက်(၈၇)နှစ် ပြည်နယ်သမဦးစီးမှူး(ငြိမ်း)သည် ၂၅-၅-၂၀၂၄(စနေနေ့) ညနေတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမိုးကျော်သူ**
**(ဥက္ကဋ္ဌ)**
**မိုးဂုဏ်ရောင် Co.,Ltd**
**မိသားစု**
**ကိုစိန်ဝင်း(မန်နေဂျာ)-ဒေါ်သိန်းသိန်းဆင့်(ဦးစီးအရာရှိ)**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

## ဒုတိယဗိုလ်မှူးကြီး အောင်ခင်ကျော်(ငြိမ်း)
**ရေ ၃၂၈၉(OTS-36)**
## အသက် (၈၆) နှစ်

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ က-၅၂ မြိုင်သာယာလမ်းသွယ်(၂)နေ ဦးစောလှဦး-ဒေါ်တင်ဝေတို့၏ တူ ဒေါ်သိန်းသိန်းညွှန့်၏ ခင်ပွန်း၊ ဒေါ်ကြည်ကြည်မြင့်၏ ဖခင်သည် ၂၈-၅-၂၀၂၄(အင်္ဂါနေ့) ညနေ ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၂၄(ဗုဒ္ဓဟူးနေ့)တွင် ပိန္နဲကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၈)ရပ်ကွက်၊ ကျန်စစ်မင်းအပိုင်း (၂)၊ မင်းနန်သူလမ်း ၊ ၄ ခန်းတွဲ ၅ ထပ်တိုက်၏ (၈၀၀)စတုရန်းပေရှိသော တိုက်အမှတ်- ၂၃/၁၀၁ ၊ (ပထမထပ်)ရှိ ရေ/မီးအစုံတိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ဝေဝေလွင် [၁၂/မရက(နိုင်)၁၄၁၀၁၉] ကိုင်ဆောင်သူမှ မိမိတရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးခိုင် [၉/မကန(နိုင်)၀၉၂၉၉၂] ကိုင်ဆောင်သူမှ ဝယ်ယူရန်သဘောတူညီသောကြောင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးအေးခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းထက်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၈၈၅)**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/F)၊ ပထမထပ်၊ (၃၅)လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/တောင်)၊ မြေကွက်အမှတ် (၈၇၁/က)၊ အဆောက်အအုံအမှတ်(၈၇၁/က)၊ မာန်ပြေ(၃)လမ်းအနောက်၊ ၂/တောင်ရပ်ကွက်၊ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၁)ခန်းတည်း (၆)ထပ်တိုက်အဆောက်အဦ၏ စတုတ္ထထပ်(၅-လွှာ)၊ အကျယ်အဝန်း (၁၈ပေ x ၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လာသော ဒေါ်ပြည့်ပြည့်ဖြိုးကျော် [၁၂/သကတ(နိုင်)၁၆၀၅၈၃]က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးရဲရင့်သိန်း[၉/မတရ(နိုင်)၁၉၄၁၈၅]က အပြီးအပြတ်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးရဲရင့်သိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်မင်းထွန်း(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၄၂/၂၀၂၂)**
**အမှတ်(၃)၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၁၇၈၉၂၈**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး**
## ဦးထွန်းမြင့်(ခ)ယောင်ပီးဝမ်
**သုံးခွမြို့၊ ကြေးမုံဖိနပ်ဆိုင်**
## အသက်(၈၇)နှစ်

ရန်ကုန်မြို့နေ (ဦးစွီရင်-ဒေါ်နီ)တို့၏ သား၊ ဥက္ကံမြို့နေ (ဦးဘားရား-ဒေါ်နန်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ရွဲလမ်း၊ အမှတ်(၉၃/၉၅)၊ (၇)လွှာနေ ဒေါ်သန်းသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းဦး-ဒေါ်ရီရီထွေး၊ ဦးမိုးအောင်-ဒေါ်ခင်နန်းယု၊ ဦးဇော်မင်းထွန်း-ဒေါ်သီတာလင်း၊ ဒေါ်ယုယုလွင်-(တန်အားယုံ)တို့၏ မွေးသဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုးသည် ၂၇-၅-၂၀၂၄ (တနင်္လာနေ့) နံနက် ၆:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅- ၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၆-၂၀၂၄ (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ဝင်းငွေ
## အသက်(၅၈)နှစ်

ကရင်ပြည်နယ်၊ ကော့သံခါးကျေးရွာနေ(ဦးစောလှခင်-ဒေါ်ခင်မြိုင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ (ကြည်း/၇၂၆၀၊ ဗိုလ်ကြီးပါးရှပ်) (နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်-ငြိမ်း)၊ General Manager “SHAMIE” Manager “STRAND HOTEL”(ငြိမ်း)၏ သမီးချွေးမ၊ ဦးဝေဖြိုးအောင် (မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ) – ဒေါ်နန်းကလျာငွေ (BE.EP, B.Sc Chemistry)၊ ဦးသီဟဇော် B.Sc(hons), Business IT(UK)၊ နန်းသိင်္ဂီငွေ Human Resource Management (Diploma)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး သုံးယောက်တို့၏အဘွား၊ ဦးဇော်ငွေ(စစ်မှုထမ်း-ငြိမ်း)၏ ချစ်လှစွာသော ဇနီးသည် ၂၄-၅-၂၀၂၄ (သောကြာနေ့) နံနက် ၉ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၂၄ (စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၅-၂၀၂၄ (ကြာသပတေးနေ့) နံနက် အရုဏ် ၅ နာရီမှ မွန်းတည့် ၁၂ နာရီတွင် သံဃာတော်အရှင်သူမြတ်တို့အား ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေလိုပါသောကြောင့် အမှတ်(၆၃)၊ ဦးအောင်ဘွင့်လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်- (၈)၊ နဝရတ်ဈေးလမ်း၊ မြေကွက်အမှတ်(၂၀၈/က)ဟုခေါ်တွင်သော မြေဧရိယာ(၀.၀၂၇၅)ကေ၊ အကျယ် အဝန်း (၂၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်စန်းစန်းမော် [၉/မရတ(နိုင်)၀၀၈၉၇၂]သည် နှစ်(၆၀)မြေငှားစာချုပ်အမည်ပေါက် ဦးဇာနည်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိတွင် တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုကာ ရောင်းချရန်အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် အိမ်နှင့်မြေတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမောင်စိန်[၁၂/မရက(နိုင်)၁၁၀၂၄၂]၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သဉ္ဇာဝင်း(LL.B,D.B.L)** | **ဒေါ်နီနီဇော် (LL.B,D.B.L)** |
| **အထက်တန်းရှေ့နေ (စဉ် - ၄၆၃၅၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၁၅၅၃)** |

**အမှတ်(စီ/၅) ၊ ရန်ကုန်နည်းပညာတက္ကသိုလ် ၊ ကြို့ကုန်းအရှေ့ရပ်ကွက် ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၁၆၅၉၂၄၄၊ ၀၉ -၂၆၂၄၇၇၇၃၃၊ ၀၉- ၇၆၅၁၂၉၅၈၇၊ ၀၉-၄၂၀၀၂၅၂၉၆**

**မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်ရန် တာဝန်ရှိသည်ဖြစ်သည့်အတွက် မည်သည့်အစိုးရ၊ မည်သည့် နိုင်ငံရေးစနစ်နှင့် သွားသည်ဖြစ်စေ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အလေးအနက်ထားဆောင်ရွက်သွားရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## မြန်မာ ယူ-၁၆ အမျိုးသားအသင်း ခြေစမ်းပွဲယှဉ်ပြိုင်ကစား

ရန်ကုန် မေ ၂၈

နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၆ အမျိုးသားအသင်းသည် မေ ၂၈ ရက်က MNL ယူ-၂၀ လိဂ်ပြိုင်ပွဲယှဉ်ပြိုင်နေသော ဟံသာဝတီယူနိုက်တက် ယူ-၂၀ အသင်းနှင့် ဗဟန်းမြက်ခင်းတုကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ ယူ-၁၆ အသင်းသည် ပြည်တွင်းခြေစမ်းပွဲများ ဆက်တိုက်ကစားလျက်ရှိပြီး MNL ယူ-၂၀ လိဂ်ပြိုင်ပွဲယှဉ်ပြိုင်မည့် ရှမ်းယူနိုက်တက်အသင်းနှင့် ခြေစမ်းပြီးနောက် ဟံသာဝတီ ယူ-၂၀ အသင်းနှင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❍



မြန်မာ ယူ-၁၆ အမျိုးသားအသင်းနှင့် ဟံသာဝတီယူနိုက်တက် ယူ-၂၀ အသင်းတို့ ခြေစမ်းပွဲယှဉ်ပြိုင်ကစားစဉ်။

## ရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရေမြင့်တက်လာနိုင်

နေပြည်တော် မေ ၂၈

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့တွင် ၅၈၈ စင်တီမီတာသို့ ရောက်ရှိခဲ့ကာ ၃၆ နာရီအတွင်း ၁၀ ပေခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော အဆိုပါမြစ်ရေများသည် နောက်တစ်ရက်မှ ခုနစ်ရက်အတွင်း ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်၊ နောက်ရှစ်ရက်မှ ၁၁ ရက်အတွင်း ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်၊ နောက် ၁၁ ရက်မှ ၁၃ ရက်အတွင်း ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ခြောက်ပေမှ ခုနစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❖

## ဂျပန်၊ မြောက်ကိုရီးယားတို့နှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း စတင်လေ့ကျင့်

ရန်ကုန် မေ ၂၈

မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန်လတွင်ကစားရမည့် ၂၀၂၆ ကမ္ဘာ့ဖလားအာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်နှစ်ပွဲဖြစ်သည့် ဂျပန်၊ မြောက်ကိုရီးယားအသင်းတို့နှင့် ပွဲများအတွက် မေ ၂၈ ရက် ညနေပိုင်းမှစတင်ကာ စခန်းဝင်လေ့ကျင့်လျက်ရှိသည်။

စာမျက်နှာ ၁၈ ကော်လံ ၂ သို့ ☆



ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း စခန်းဝင်လေ့ကျင့်လျက်ရှိသည်ကို တွေ့ရစဉ်။

## ယနေ့ ဖတ်စရာ

**MNDAA နှင့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ အဓမ္မဖမ်းဆီးခြင်းခံရပြီး အကြမ်းဖက်သင်တန်း တက်ရောက်လိုခြင်းမရှိဘဲ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်**

စာမျက်နှာ » ၁၄

**ပုပ္ပားမျောက်မြီးရှည်များကို ထိန်းသိမ်းရန် လှုံ့ဆော်သည့်အနေဖြင့် လေ့လာရေးခရီးထွက်မည်**

စာမျက်နှာ » ၁၅



**စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေး စုစုပေါင်း ၄၁၉၆ မျိုးကို တည်ဆဲဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်**

စာမျက်နှာ » ၁၇